# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# နဝမပုံမှန်အစည်းအဝေး
# စတုတ္ထနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | တိုင်းရင်းမီဒီယာများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် တိုင်းရင်းသားသတင်းမီဒီယာကျောင်း(ကောလိပ်) ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း | ၄ |
| ၆ | ၂၀၁၇-၂၀၁၈ ခုနှစ်၌ ကျင်းပခဲ့သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့် အုပ်ချုပ်ရေးမှူးများ ရွေးချယ်တင်မြှောက်ပွဲများတွင် မည်သည့်ငွေစာရင်းခေါင်းစဉ်ဖြင့် စီစဉ်ဆောင်ရွက်ခဲ့ပါသနည်း၊ နောင်တွင် ကျင်းပမည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ပွဲများတွင် အဆင်ပြေစွာ ကျင်းပဆောင်ရွက်သွားနိုင်ရန် ဘဏ္ဍာငွေစာရင်းခေါင်းစဉ် သီးသန့်ခွဲဝေ ချမှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် သက်ဆိုင်ရာကျေးရွာတာဝန်ခံများကိုလည်း ချီးမြှင့်ထောက်ပံ့ငွေ သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိသိလိုခြင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်း | ၈ |
| ၇ | မူဆယ်မြို့တွင် နိုင်ငံကူးလက်မှတ်(Passport)ထုတ်ပေးသည့် ရုံးခွဲဖွင့်လှစ်ထားရှိပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၁ |
| ၈ | တောင်ကုတ်မြို့နယ်၊ တောင်ကုတ်မြို့မရဲစခန်းရှိ ရဲတပ်ဖွဲ့ဝင်များ၏ ဟောင်းနွမ်းဆွေးမြည့်နေသော နေအိမ်လိုင်းခန်းအဆောက်အဦများကို အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၄ |
| ၉ | တမူးမြို့နယ်အတွင်းရှိ ကျေးလက်နေမြေယာမဲ့ ပြည်သူများနေထိုင်ရန် မြေနေရာခွင့်ပြုချထားပေးနိုင်ရေး မည်သို့ စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၆ |
| ၁၀ | လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်ရှိ နေအိမ်များအတွက် မြေငှား ဂရန်ထုတ်ပေးရေးနှင့်ပတ်သက်၍ ဂရန်ပေးရေးစီမံချက်အတိုင်း ဆက်လက် | ၁၈ |

ဆောင်ရွက်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

| | | |
|---|---|---|
| ၁၁ | ဦးတင်ကိုကိုဦး(ခ)ဦးအတွက်၊ ဘီးလင်းမဲဆန္ဒနယ်က အစိုးရဌာန အဖွဲ့အစည်းများ၏ ဝန်ဆောင်မှုများကို ပြည်သူများ အမှန်တကယ် ရရှိခြင်းဖြင့် အစိုးရနှင့်ပြည်သူကြား အပြန်အလှန်ယုံကြည်မှု မြင့်တက်စေပြီး ဒီမိုကရေစီစနစ်ကို ပီပြင်စွာအကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်သောကြောင့် One Stop Shop ကို One Stop Service သို့ အဆင့်မြှင့်အကောင်အထည် ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၂၂ |
| ၁၂ | ဦးတင်ကိုကိုဦး၊ ဘီးလင်းမဲဆန္ဒနယ်က တင်သွင်းသည့် အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း | ၂၆ |
| ၁၃ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံခရီးသွား လာရေးလုပ်ငန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂၇ |
| ၁၄ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေးပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၃၄ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် န၀မ ပုံမှန်အစည်းအဝေး

# စတုတ္ထနေ့ အစီအစဉ်

# [ ၂–၈–၂၀၁၈ ] (ကြာသပတေးနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် န၀မ ပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဦးလှစော၊ မြောက်ဦး မဲဆန္ဒနယ်၏ **တိုင်းရင်းမီဒီယာများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် တိုင်းရင်းသားသတင်းမီဒီယာကျောင်း(ကောလိပ်) ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးစိုင်းငေါ်င်းဆိုင်ဟိန်း၊ မောက်မယ် မဲဆန္ဒနယ်၏ **၂၀၁၇–၂၀၁၈ ခုနှစ်၌ ကျင်းပခဲ့သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့် အုပ်ချုပ်ရေးမှူးများ ရွေးချယ်တင်မြှောက်ပွဲများတွင် မည်သည့် ငွေစာရင်းခေါင်းစဉ်ဖြင့် စီစဉ်ဆောင်ရွက်ခဲ့ပါသနည်း၊ နောင်တွင် ကျင်းပမည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ပွဲများတွင်**

**အဆင်ပြေစွာ ကျင်းပဆောင်ရွက်သွားနိုင်ရန် ဘဏ္ဍာငွေစာရင်း ခေါင်းစဉ်သီးသန့် ခွဲဝေချမှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် သက်ဆိုင်ရာ ကျေးရွာတာဝန်ခံများကိုလည်း ချီးမြှင့်ထောက်ပံ့ငွေ သတ်မှတ်ပေးရန် အစီအစဉ်ရှိ၊ မရှိသိလိုခြင်း** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးစိုင်းဖိုးမြတ်၊ မူဆယ် မဲဆန္ဒနယ်၏ **မူဆယ်မြို့တွင် နိုင်ငံကူးလက်မှတ် (Passport)ထုတ်ပေးသည့် ရုံးခွဲဖွင့်လှစ်ထားရှိပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်နီနီမေမြင့်၊ တောင်ကုတ် မဲဆန္ဒနယ်၏ **တောင်ကုတ်မြို့နယ်၊ တောင်ကုတ်မြို့မရဲစခန်းရှိ ရဲတပ်ဖွဲ့ဝင်များ၏ ဟောင်းနွမ်းဆွေးမြည့်နေသော နေအိမ်လိုင်းခန်း အဆောက်အဦများကို အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးနိုင်နိုင်ဝင်း၊ တမူး မဲဆန္ဒနယ်၏ **တမူးမြို့နယ်အတွင်းရှိ ကျေးလက်နေ မြေယာမဲ့ပြည်သူများနေထိုင်ရန် မြေနေရာခွင့်ပြုချထားပေးနိုင်ရေး မည်သို့စီမံ ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၏ **လှိုင်မြို့နယ်၊ အမှတ်(၁) ရပ်ကွက်ရှိ နေအိမ်များအတွက် မြေငှားဂရန်ထုတ်ပေးရေးနှင့် ပတ်သက်၍ ဂရန်ပေးရေးစီမံချက်အတိုင်းဆက်လက်ဆောင်ရွက် ခွင့်ပြုရန်အစီအစဉ် ရှိ၊မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးတင်ကိုကိုဦး(ခ) ဦးအတွတ်၊ ဘီးလင်း မဲဆန္ဒနယ်က **"အစိုးရဌာန အဖွဲ့အစည်းများ၏ ဝန်ဆောင်ပေးမှုများကို ပြည်သူများ အမှန်တကယ် ရရှိခြင်းဖြင့် အစိုးရ နှင့်ပြည်သူကြား အပြန်အလှန် ယုံကြည်မှုမြင့်တက်စေပြီး ဒီမိုကရေစီ**

**စနစ်ကိုပိုပြင်စွာ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်သောကြောင့် One Stop Shop ကို One Stop Service သို့ အဆင့်မြှင့် အကောင်အထည်ဖော်ဆောင်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ်ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး**
**စတုတ္ထနေ့မှတ်တမ်း**

**၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၆ ရက်**
**(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂ ရက်)**
**(ကြာသပတေးနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျား။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦးရှိသည့်အနက် ၃၇၈ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၉၁ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် န၀မပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၀ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၇၈ ဦးရှိကာ ယနေ့ ခွင့်ပန်ကြားသူ ၃၆ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူ ကိုယ်စားလှယ်များကတော့-

(၁) လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်း ခွင့် ၂ ရက်၊
(၂) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးကျော်စိုးလင်း ခွင့် ၂ ရက်၊
(၃) ထန်းတပင်မဲဆန္ဒနယ်မှ ဦးဇော်ဝင်း ခွင့် ၂ ရက်၊
(၄) ထားဝယ်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၂ ရက်၊
(၅) ထန်းတပင်မဲဆန္ဒနယ်မှ ဦးနေမျိုးထွန်း ခွင့် ၂ ရက်၊
(၆) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခ)ဦးစိုင်းထွန်းအေး ခွင့် ၂ ရက်၊
(၇) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၂ ရက်၊
(၈) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၂ ရက်၊
(၉) မြောင်မဲဆန္ဒနယ်မှ ဦးဌေးငွေ ခွင့် ၂ ရက်၊
(၁၀) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း ခွင့် ၂ ရက်၊
(၁၁) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဦးမြစိန် ခွင့် ၂ ရက်၊
(၁၂) ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင် ခွင့် ၂ ရက်၊
(၁၃) ညောင်ဦးမဲဆန္ဒနယ်မှ ဦးစော ခွင့် ၂ ရက်၊
(၁၄) ဗဟန်းမဲဆန္ဒနယ်မှ ဦးထွန်းမြင့် ခွင့် ၂ ရက်၊
(၁၅) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် ၂ ရက်၊
(၁၆) နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေး ခွင့် ၁ ရက်၊
(၁၇) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးဌေးမင်းသိန်း ခွင့် ၁ ရက်၊

(၁၈) ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်း ခွင့် ၁ ရက်၊
(၁၉) စဥ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ကြည်မို့မို့လွင် ခွင့် ၁ ရက်၊
(၂၀) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် ခွင့် ၁ ရက်၊
(၂၁) အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် ခွင့် ၁ ရက်၊
(၂၂) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးခင်မောင်စိုး ခွင့် ၁ ရက်၊
(၂၃) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်(ခ)ဦးဒီလုံး ခွင့် ၂ ရက်၊
(၂၄) ကလေးဝမဲဆန္ဒနယ်မှ ဦးသန်းထွန်းမြင့် ခွင့် ၁ ရက်၊
(၂၅) ကျိုက်မရောမဲဆန္ဒနယ်မှ ဦးစောကျော်ဝင်းမောင် ခွင့် ၁ ရက်၊
(၂၆) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၁ ရက်၊
(၂၇) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးချုပ်မောင်မောင် ခွင့် ၁ ရက်၊
(၂၈) တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးသန့်ဇော် ခွင့် ၁ ရက်၊
(၂၉) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၇ ရက်၊
(၃၀) ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်မောင် ခွင့် ၁ ရက်၊
(၃၁) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် ခွင့် ၁ ရက်၊
(၃၂) ရွှေကျင်မဲဆန္ဒနယ်မှ ဦးစောသလေးစော ခွင့် ၂ ရက်၊
(၃၃) တာချီလိတ်မဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊
(၃၄) ငါန်းဇွန်မဲဆန္ဒနယ်မှ ဦးမင်းသိန်း ခွင့် ၁ ရက်၊
(၃၅) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးသောင်းဌေးလင်း ခွင့် ၁ ရက်နှင့်
(၃၆) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးလဂန်ဇယ်ဂျုံး ခွင့် ၂ ရက်တို့ဖြစ်ကြပါတယ်။ ယခင်ခွင့်ပန်ကြားသူ ၁၆ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၃၆ ဦး စုစုပေါင်းခွင့်ပန်ကြားသူ ၅၂ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၀ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၃၆ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၅၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**တိုင်းရင်းမီဒီယာများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် တိုင်းရင်းသားသတင်းမီဒီယာကျောင်း(ကောလိပ်) ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဦးလှစော(မြောက်ဦးမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို တန်ဖိုးထားပါတယ်။ လေးစားပါတယ်။ ကျွန်တော်က မြောက်ဦးမဲဆန္ဒနယ်က ကိုယ်စားလှယ် ဦးဦးလှစော ဖြစ်ပါတယ်။ ကျွန်တော်မေးရမယ့်မေးခွန်းက တိုင်းရင်းမီဒီယာများ ရှင်သန်ဖွံ့ဖြိုးရေး အတွက် တိုင်းရင်းသားသတင်းမီဒီယာကျောင်း(ကောလိပ်)ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးဆုံးအကြိမ် တိုင်းရင်းမီဒီယာညီလာခံကို မော်လမြိုင်မြို့မှာ ၂၀၁၃ ခုနှစ်က ကျင်းပခဲ့ပါတယ်။ နှစ်စဉ်ဆက်တိုက် ချင်းပြည်နယ်(ဟားခါး)၊ ရှမ်းပြည်နယ်(တောင်ကြီး)၊ ရခိုင်ပြည်နယ်(မြောက်ဦး)၊ ကယားပြည်နယ်(လွိုင်ကော်)တို့မှာ ကျင်းပလာပြီးတော့ ဆဌမအကြိမ် ညီလာခံကို ကရင်ပြည်နယ်(ဘားအံ)မှာ ၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့ကနေ ၂၉ ရက်နေ့အထိ ကျင်းပခဲ့ပါတယ်။ ၂၀၁၉ ခုနှစ် လာမယ့်ညီလာခံကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှာ ကျင်းပမှာဖြစ်ပါတယ်။ ဘားအံညီလာခံကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့ တက်ရောက်ချီးမြှင့်ပြီး မိန့်ခွန်းစကားပြောကြားခဲ့ပါတယ်။ ကရင်ပြည်နယ်ဝန်ကြီးချုပ်လည်း တက်ရောက်မိန့်ခွန်းပြောခဲ့ပါတယ်။ ညီလာခံမှာ တိုင်းရင်းသားပေါင်းစုံ မီဒီယာသမားတွေ၊ ပြည်တွင်းပြည်ပမြန်မာ့မီဒီယာတွေ၊ အလှူရှင်အဖွဲ့ကိုယ်စားလှယ်တွေ တက်ရောက်ခဲ့ကြပါတယ်။ ညီလာခံရဲ့ဆောင်ပုဒ်က တိုင်းရင်းမီဒီယာ ရေရှည်တည်တံ့ရေးနှင့် မီဒီယာအသင်း မြှင့်တင်ရေး ဖြစ်ပါတယ်။ အဲဒီညီလာခံမှာ တိုင်းရင်းမီဒီယာတွေ ရင်ဆိုင်နေရတဲ့အခက်အခဲနှင့် စိန်ခေါ်မှုတွေကို ရိုးသားပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါတယ်။ ပထမအကြိမ် မော်လမြိုင်ညီလာခံမှာ လုပ်တုန်းက တိုင်းရင်းသားမီဒီယာအဖွဲ့တွေဟာ နယ်စပ်ဒေသမှာ တစ်ဖက်နိုင်ငံမှာရှိနေကြပါသေးတယ်။ အခုတော့ ပွင့်လင်းလာတာနှင့်အတူ အားလုံးနီးပါး မိခင်နယ်မြေကို ပြန်ရောက်ပြီးတော့ ဒေသအရေး၊ တိုင်းရင်းသားအရေး၊ ပြည်ထောင်စုအရေးတွေကို အခက်အခဲမျိုးစုံကြားက ကိုယ်စွမ်းရှိသမျှ

လုပ်ဆောင်နေကြပါပြီ။ တိုင်းရင်းသားမီဒီယာ ရေရှည်တည်တံ့ရေးဆိုတာ ဖွံ့ဖြိုးမှုနောက်ကျတဲ့ တိုင်းရင်းသားဒေသတွေအတွက် အလွန်ကြီးမားတဲ့စိန်ခေါ်မှုဖြစ်ပါတယ်။ မိမိတို့ရဲ့ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ Identity ကို ပင်ပန်းကြီးစွာထိန်းသိမ်းတည်ဆောက်နေရတာလည်း ဖြစ်ပါတယ်။ ကိုယ်ထူကိုယ်ထ၊ ကိုယ့်အားကိုယ်ကိုးဆိုပေမဲ့ ရေရှည်တည်တံ့ဖို့အခက်အခဲအများကြီးရှိပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းများဆီက ပံ့ပိုးကူညီမှုဟာ နေရာတိုင်းမှာမကောင်းပါဘူး။ ကာလရှည်ကြာရင် ပိုပြီးတော့မကောင်းပါဘူး။ နိုင်ငံရေးရှုပ်ထွေးနေတဲ့ကာလတွေမှာ စေတနာသန့်သန့်နဲ့ကူညီပါတယ်ဆိုပေမဲ့ နိုင်ငံရေးအရ အသုံးချအမြတ်ထုတ်တာတွေ ဖြစ်သွားနိုင်ပါတယ်။ တိုင်းရင်းသားတွေအတွက် ပုံနှိပ်မီဒီယာသတင်းဂျာနယ်ထုတ်ဝေဖို့၊ အသံလွှင့်မီဒီယာ ဒေသန္တရ FM လွှင့်ဖို့ဆိုတာ ငွေကြေးနှင့် နည်းပညာအခက်အခဲ ရှိပါတယ်။ FM ဥပဒေကလည်း ရှိပါသေးတယ်။ တိုင်းရင်းသားတွေအတွက် မီဒီယာဆိုတာကလည်း မရှိလို့မဖြစ်တဲ့အရာ ဖြစ်ပါတဘ်။ ကျွန်တော်တို့ဟာ ပြည်ထောင်စုထဲမှာ စုပေါင်းနေထိုင်သူတွေပါ။ တန်းတူတဲ့ သွေးစည်းချစ်ကြည်တဲ့ ဖွံ့ဖြိုးတဲ့ ဖက်ဒရယ်ပြည်ထောင်စုဟာ ကျွန်တော်တို့ရဲ့အိပ်မက်၊ ကျွန်တော်တို့ရဲ့ရွှေပြည်တော်ပါပဲ။ ဗမာမီဒီယာ၊ ရှမ်းမီဒီယာ၊ ရခိုင်မီဒီယာ၊ ချင်းမီဒီယာ လူမျိုးပေါင်းစုံမီဒီယာတွေဟာ ပြည်ထောင်စုပန်းဥယျာဉ်ထဲမှာ ရောင်စုံဖူးပွင့်သင်းပျံ့နေဖို့ လိုပါတယ်။ ရှမ်းမီဒီယာနှင့်အတူ ပအိုဝ်း၊ ပလောင်မီဒီယာ၊ ရခိုင်မီဒီယာနှင့်အတူ မြို၊ ခမီး၊ ဒိုင်းနက်၊ သက်မီဒီယာတွေ ဖူးပွင့်နေရပါမယ်။ အရည်အချင်းပြည့်ဝတဲ့ ပင်လုံစိတ်ဓာတ်ကို ရင်ဝယ်ကိန်းအောင်းနေတဲ့ မီဒီယာမျိုးဆက်တွေ စနစ်တကျပေါ်ထွန်းလာဖို့ လိုအပ်နေပါတယ်။ သူတို့ဟာ ဖက်ဒရယ်ခရီးသည်တွေ၊ ဖက်ဒရယ်သားကောင်းရတနာတွေ ဖြစ်ပါလိမ့်မယ်။ နိုင်ငံတော်အနေနဲ့ အထူးသဖြင့် တိုင်းရင်းလူမျိုးများရေးရာဝန်ကြီးဌာနအနေနဲ့၊ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ ဒီကိစ္စကို ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာတာဝန်တစ်ရပ်အနေနဲ့ အလေးအနက်ထားဖို့ အကြံပေးလိုပါတယ်။ တိုင်းရင်းမီဒီယာတွေကို ပံ့ပိုးကူညီဖို့ အဘက်ဘက်က လိုအပ်သလိုကူညီဖို့ လိုပါတယ်။ ခေတ်မီတဲ့ တိုင်းရင်းသားမီဒီယာကောလိပ်တစ်ခု ဖွင့်ဖို့လိုပါတယ်။ ဒီကောလိပ်ဟာ ပင်လုံခရီးရဲ့မှတ်တိုင်တစ်ခုဖြစ်ပါလိမ့်မယ်။ တိုင်းရင်းသားပေါင်းစုံလူငယ်တွေ ဒီကျောင်းအရိပ်အောက်မှာ ခင်မင်ပျော်ရွှင်စွာ ပညာသင်နေကြတာဟာ ပြည်ထောင်စုရဲ့ဂုဏ်သိက္ခာရှိတဲ့ ပန်းချီကားတစ်ချပ် ဖြစ်ပါလိမ့်မယ်။ ဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုင်းရင်းသားမီဒီယာကောလိပ် ဖွင့်လှစ်မယ့်ကိစ္စကို မေးမြန်းလိုက်ရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်ကြားရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်လှထွန်း(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ပြည်ထောင်စုအဆင့်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊

မြောက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးလှစောရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့နဲ့ပေါင်းစပ်ပြီး ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ တိုင်းရင်းမီဒီယာများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် တိုင်းရင်းသားသတင်းမီဒီယာကျောင်း(ကောလိပ်) ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းပေးခဲ့တဲ ရခိုင်ပြည်နယ်၊ မြောက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဦးလှစောကို အထူးပင်ကျေးဇူးတင်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမဦးစွာ လက်ရှိတိုင်းရင်းမီဒီယာကဏ္ဍအခင်းအကျင်းကို အကျဉ်းမျှ တင်ပြလိုပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့တောင်ပေါ်၊ မြေပြန့်ဒေသအသီးသီးမှာ တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလူမျိုးများရဲ့ဒေသအသီးသီးမှာ လူမှုစီးပွားတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်တဲ့နေရာမှာ တိုင်းရင်းမီဒီယာများသည်လည်း အရေးကြီးတဲ့အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်ပါတယ်။ ၂၀၁၂ ခုနှစ် ဩဂုတ်လကစပြီးတော့ ကြိုတင်စိစစ်တဲ့ဆင်ဆာစနစ်(Pre-Publication Censorship) ကို ဖျက်သိမ်းပြီးတဲ့နောက်ပိုင်းမှာ ပုဂ္ဂလိကမီဒီယာများရဲ့အခန်းကဏ္ဍ လျင်မြန်စွာဖွံ့ဖြိုး တိုးတက်လာခဲ့ပါတယ်။ ယခင်က ပြည်ပနှင့်နယ်စပ်ဒေသများမှာ အခြေချခဲ့တဲ့ တိုင်းရင်းမီဒီယာ အများစုအပါအဝင် မီဒီယာများဟာ ပြည်တွင်းသို့ ဝင်ရောက်အခြေပြုခဲ့ကြပါတယ်။ တိုင်းရင်းမီဒီယာအချို့စုပေါင်းပြီးတော့ နိုင်ငံတကာမြန်မာ့သတင်းအဖွဲ့(Burma News International-BNI)ကို အဖွဲ့ဝင် ၁၁ ဦးနဲ့ ၂၀၁၃ ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ အဖွဲ့ဝင် ၁၃ ဦး ရှိပြီလို့ သိရှိရပါတယ်။ BNI အဖွဲ့ဝင်မဖြစ်သေးတဲ့ တိုင်းရင်းမီဒီယာအများအပြားရှိနေသေးကြောင်းလည်း သိရှိရပါတယ်။ BNI အဖွဲ့က ဦးစီးပြီး ၂၀၁၃ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ တိုင်းရင်းမီဒီယာညီလာခံ စုစုပေါင်း ခြောက်ကြိမ်ကို ပြည်နယ်အသီးသီးမှာ နှစ်စဉ်ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ယင်းညီလာခံများကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရတို့က ပူးပေါင်းအားပေးကူညီခဲ့ကြတာကို တွေ့ရှိရပါတယ်။ ဆက်လက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနရဲ့ တိုင်းရင်းမီဒီယာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြလိုပါတယ်။ မျက်မှောက်ကာလမှာ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံပိုင်မီဒီယာဖြစ်တဲ့ မြန်မာ့ရုပ်မြင်သံကြားမှာ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းကို ၁၅-၁၀-၂၀၁၃ ရက်နေ့က စပြီးတော့ တိုင်းရင်းသားဘာသာ ၁၁ ဘာသာဖြစ်ကြတဲ့ ရခိုင်၊ ရှမ်း၊ ‘ဝ’၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ လိုင်းဇို(ချင်း)၊ ချိုး(ချင်း)၊ မွန်စသည်တို့ဖြင့် ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ ထုတ်လွှင့်ချိန် တစ်သမတ်တည်းမဖြစ်စေရေးအတွက် ၄ လ တစ်ကြိမ် အက္ခရာစဉ်အလိုက် ပြောင်းလဲထုတ်လွှင့်ပေးလျက်ရှိပါတယ်။ အလားတူပဲ မြန်မာ့အသံ(ရေဒီယို)မှာ တိုင်းရင်းသားရေဒီယို အစီအစဉ်ကို တိုင်းရင်းသားဘာသာ ၁၇ မျိုးဖြစ်ကြတဲ့ ရှမ်း၊ ချင်း၊ ချိုး(ချင်း)၊ ရခိုင်၊ ‘ဝ’၊ ကိုးကန့်၊ ပအိုဝ်း၊ ဓနု၊ ကချင်၊ ဂေဘား၊ မွန်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ စကော ကရင်၊ ကယား၊ ကယန်း၊ ဂေခိုတို့ဖြင့် ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ တစ်ချိန်တည်းမှာပဲ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ကိုယ်ပွား သတင်းစာတိုက်(မော်လမြိုင်)မှာ မွန်ဘာသာ၊ စကောကရင်ဘာသာ၊ ပိုးကရင်ဘာသာ၊ ပအိုဝ်းဘာသာ

တို့ဖြင့် ၁-၈-၂၀၁၄ ရက်နေ့မှစပြီးတော့ အပတ်စဉ်တနင်္ဂနွေနေ့တိုင်းမှာ ရောင်စုံစာမျက်နှာ လေးမျက်နှာဖြင့် မြန်မာ့အလင်းနဲ့ ကြေးမုံသတင်းစာများမှာ ထည့်သွင်းထုတ်ဝေဖြန့်ချိပေးလျက်ရှိပါ တယ်။ တိုင်းရင်းသားကဏ္ဍ(ကချင်ဘာသာ)အချပ်ပိုကို ၉-၉-၂၀၁၇ ရက်နေ့မှစပြီးတော့ တစ်ပတ် တစ်ကြိမ် စနေနေ့တိုင်း မန္တလေးကိုယ်ပွားသတင်းစာတိုက်မှာ ပုံနှိပ်ပြီးတော့ ကချင်ပြည်နယ်အတွင်း ဖြန့်ချိပေးလျက်ရှိပါတယ်။ တိုင်းရင်းသားကဏ္ဍ(မြန်မာဘာသာ)ကို ကြေးမုံသတင်းစာအတွင်းမှာပင် ၃၀-၉-၂၀၁၇ ရက်နေ့ကစပြီးတော့ အပတ်စဉ်စနေနေ့တိုင်း ထုတ်ဝေပြီး အချပ်ပိုအဖြစ် ညှပ်ပြီးတော့ ဖြန့်ချိလျက်ရှိပါတယ်။ ထိုနည်းတူစွာ ရှိုပြည်ရခိုင်ပုံရိပ်(ရခိုင်ဘာသာ)အချပ်ပိုကို ၂၀-၉-၂၀၁၇ ရက်နေ့ကစပြီးတော့ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှာ ပုံနှိပ်ထုတ်ဝေပြီး ရခိုင်ပြည်နယ်အတွင်း အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖြန့်ဝေလျက်ရှိပါတယ်။ ရခိုင်ရွှေမြေအထူးကဏ္ဍ(မြန်မာဘာသာ)ကိုလည်း ၅-၁၀-၂၀၁၇ ရက်နေ့ကစပြီးတော့ ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)မှာပဲ ပုံနှိပ်ပြီး အပတ်စဉ် ကြာသပတေးနေ့တိုင်း ရခိုင်ပြည်နယ်အတွင်း ဖြန့်ဝေလျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ဆက်တည်းမှာပဲ ယခုအစိုးရလက်ထက်မှာ စတင်ဖွဲ့စည်းခဲ့တဲ့ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနရဲ့ဆောင်ရွက်နေမှုကို အကျဉ်းမျှတင်ပြလိုပါတယ်။ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာနက တာဝန်ယူပြီးတော့ တိုင်းရင်းသားလူမျိုးများရဲ့စီးပွားရေးဆိုင်ရာ အချက်အလက်များကဏ္ဍ၊ ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားမီဒီယာကဏ္ဍနှင့် တိုင်းရင်းသားသယံဇာတ ခွဲဝေအသုံးချမှုကဏ္ဍတို့နှင့်ပတ်သက်ပြီး ဆွေးနွေးဖို့အတွက် တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့မှ ၁၉ ရက်နေ့အထိ နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒီဖိုရမ်ကို တိုင်းဒေသကြီး၊ ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့များမှ ကိုယ်စားလှယ်တော်များ၊ လွှတ်တော်အသီးသီးမှ ကိုယ်စားလှယ်တော်များ၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်တော်များ၊ NCA လက်မှတ်ရေးထိုးထားသည့်အဖွဲ့များမှ ကိုယ်စားလှယ်တော်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှု လက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်တော်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့၊ နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနဲ့ မီဒီယာအသီးသီးမှကိုယ်စားလှယ်တော်များ တက်ရောက် ဆွေးနွေးခဲ့ကြပါတယ်။ အဲဒီဖိုရမ်ရဲ့ ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားမီဒီယာကဏ္ဍမှာ မီဒီယာနှင့်ပတ်သက်တဲ့ ဖော်ထုတ်ရရှိချက်(၉)ချက်ရှိခဲ့ပါတယ်။ အဲဒီမှာ တိုင်းရင်းသားမီဒီယာ သင်တန်းကျောင်း ဖွင့်လှစ်နိုင်ရေးဟာလည်း အချက်အလက်တစ်ခုအပါအဝင် ဖြစ်တယ်ဆိုတာကို အခုနက ကိုယ်စားလှယ်တော်ကြီး ရှင်းပြသွားပြီးလည်း ဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနကတော့ တိုင်းရင်းသားမီဒီယာ ရှင်သန်ဖွံ့ဖြိုးရေးအတွက် တိုင်းရင်းသားသတင်းမီဒီယာ ကျောင်း(ကောလိပ်)ဖွင့်လှစ်နိုင်ပါက လျော်ကန်သင့်မြတ်ကောင်းမွန်မှုရှိပါကြောင်း ဖြေကြားထားပါ တယ်။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ တိုင်းရင်းမီဒီယာများ ရှင်သန်ဖွံ့ဖြိုးရေးအရေးပါပုံကို ကောင်းစွာအသိအမှတ်ပြုသော်လည်း တိုင်းရင်းသားသတင်းမီဒီယာကျောင်း(ကောလိပ်) ဖွင့်လှစ် ပေးရန် လောလောဆယ်တွင် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အမှန်တကယ်တော့ တိုင်းရင်းသားသတင်းမီဒီယာကောလိပ် ဖွင့်လှစ်ခြင်းကို ပြန်ကြားရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်တာထက် လက်ရှိမှာ သတင်းစာအတတ်ပညာ စနစ်တကျ သင်ကြားပို့ချလျက်ရှိတဲ့ ပညာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့ ညှိနှိုင်းဆောင်ရွက်ခြင်းက ပိုမိုသင့်လျော်ကောင်းမွန်မှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်မှာ သတင်းအတတ်ပညာဌာန(Journalism Department)ကို စနစ်တကျဖွင့်လှစ်ထားပြီး လေးနှစ်ကြာ သင်ရိုးညွှန်းတမ်းကို ယူနက်စကိုရဲ့ပံ့ပိုးကူညီမှုနဲ့ နိုင်ငံတကာအဆင့်မီရေးဆွဲသင်ကြားပေးလျက်ရှိပြီး သင်တန်းအောင်မြင်သူများကို B.A(Journalism)ဘွဲ့ကို ချီးမြှင့်လျက်ရှိပါတယ်။ နိဂုံးချုပ်အနေနဲ့ တိုင်းရင်းသားသတင်းမီဒီယာကျောင်း(ကောလိပ်)ဖွင့်လှစ်ရန်ကိစ္စကို ပညာရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးများရဲ့ ပေါင်းစပ်ညှိနှိုင်းမှုနဲ့ အကောင်အထည်ဖော်နိုင်ရန် သင့်တော်ပါကြောင်းနဲ့ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ လိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပံ့ပိုးကူညီပေးနိုင်မှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**၂၀၁၇-၂၀၁၈ ခုနှစ်၌ ကျင်းပခဲ့သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့် အုပ်ချုပ်ရေးမှူးများ ရွေးချယ်တင်မြှောက်ပွဲများတွင် မည်သည့်ငွေစာရင်းခေါင်းစဉ်ဖြင့် စီစဉ်ဆောင်ရွက်ခဲ့ပါသနည်း၊ နောင်တွင် ကျင်းပမည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ပွဲများတွင် အဆင်ပြေစွာ ကျင်းပဆောင်ရွက်သွားနိုင်ရန် ဘဏ္ဍာငွေစာရင်းခေါင်းစဉ် သီးသန့်ခွဲဝေချမှတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် သက်ဆိုင်ရာကျေးရွာတာဝန်ခံများကိုလည်း ချီးမြှင့်ထောက်ပံ့ငွေ သတ်မှတ်ပေးရန် အစီအစဉ်ရှိ/မရှိသိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းငေါင်းဆိုင်ဟိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးစိုင်းငေါင်းဆိုင်ဟိန်း(မောက်မယ်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများအားလုံး ကျန်းမာရွှင်လန်းကြပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံးနှင့်သက်ဆိုင်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်တင်မြှောက်ခြင်းကိစ္စရပ်များနှင့် စပ်လျဉ်းသည့်မေးခွန်းကို မေးမြန်းခွင့်တောင်းခံအပ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျွန်တော်တို့နိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိနေပြီဖြစ်သဖြင့် ဒီမိုကရေစီလမ်းစဉ်အရ အများပြည်သူပါဝင်သော ရွေးကောက်တင်မြှောက်ပွဲများသည် အဓိကကျသော အခန်းကဏ္ဍ၌ပါဝင်လာပြီး အဆင့်ဆင့်သော ရွေးချယ်တင်မြှောက်ပွဲနှင့် ရွေးကောက်ပွဲများကို လိုအပ်လျှင်လိုအပ်သလို ကျင်းပဆောင်ရွက်သွားနေရမည်ဖြစ်ပါတယ်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလအတွင်း အောက်ခြေအဆင့်

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများကို ဥပဒေနှင့်ညီညွတ်စေရန် ပြန်လည်ရွေးချယ်ခဲ့ပါတယ်။ ထိုသို့ရွေးချယ်ရာမှာ ပြည်သူကတိုက်ရိုက် ရွေးချယ်သောစနစ်ပေါ်ပေါက်လာစေရန် သက်ဆိုင်ရာ ရပ်ကွက်နှင့်ကျေးရွာအုပ်စုအတွင်းနေထိုင်သော ရပ်မိရပ်ဖငါးဦးကို ကြီးကြပ်ရေးအဖွဲ့အဖြစ် ဖွဲ့စည်းပြီးတော့ တာဝန်ပေးအပ်ခဲ့ပါတယ်။ ဒီကြီးကြပ်ရေးအဖွဲ့ကပဲ ဆယ်အိမ်စုအဖွဲ့၊ ရာအိမ်စုအဖွဲ့များမှတစ်ဆင့် အုပ်ချုပ်ရေးမှူးကောင်းတစ်ယောက်ထွက်ပေါ်လာသည်အထိ တာဝန်ယူဆောင်ရွက်ပေးခဲ့ကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်သွယ်သွားလာရေးလွယ်ကူသော ရပ်ကွက်နှင့်ကျေးရွာအုပ်စုအဆင့်များမှာ ကြီးကြပ်ရေးမှူးငါးဦးအနေဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များစီစဉ်သွားလာဆောင်ရွက်တဲ့နေရာမှာ အခက်အခဲမရှိပေမယ့် ဆက်သွယ်သွားလာရေးခက်ခဲတဲ့ဒေသများဖြစ်တဲ့ မြစ်ဝကျွန်းပေါ်ဒေသ၊ တောင်ပေါ်ဒေသ၊ ကျေးရွာအုပ်စုကျယ်ပြန့်တဲ့ဒေသတွေမှာဆိုရင် ရက်ရှည်ခရီးစဉ်များရေးဆွဲ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြတာကို တွေ့ရှိရပါတယ်။ ဤကဲ့သို့ သွားလာဆောင်ရွက်ကြတဲ့နေရာမှာ နေထိုင်စားသောက်စရိတ်များ၊ ဆိုင်ကယ်ဆီဖိုး၊ မော်တော်ယာဉ်ခများကို မိမိတို့ကိုယ်ပိုင်ငွေကြေးများဖြင့် သုံးစွဲကြရပါတယ်။ ထို့အပြင် ရွေးကောက်ပွဲအစမှ အဆုံးအထိ စာရွက်စာတမ်းကြေးများ၊ ကွန်ပျူတာမိတ္တူကိစ္စများပါ သုံးစွဲကြရမည်ဖြစ်ပါတယ်။ ရွေးကောက်တင်မြှောက်ပွဲဆိုင်ရာနည်းဥပဒေများ ထွက်ပေါ်ခြင်းမရှိသေးတဲ့အတွက် အထူးသတိကြီးစွာဖြင့် ဆောင်ရွက်ခဲ့ကြတဲ့ပွဲတစ်ပွဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့်အုပ်ချုပ်ရေးမှူးများသည် အစိုးရအဖွဲ့၏ အောက်ခြေအဆင့် ယန္တရားဖြစ်ပြီး ပြည်သူလူထုနှင့် နေ့စဉ်ထိတွေ့ဆက်ဆံနေရသောပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။ ပြည်သူလူထုမှ ဝိုင်းဝန်းရွေးချယ်သော အရည်အချင်းပြည့်ဝတဲ့အုပ်ချုပ်ရေးမှူးကောင်းများ ထွက်ပေါ်လာစေရေးအတွက် ဤအောက်ခြေအဆင့်ရွေးကောက်ပွဲများဟာ အဓိကကျတဲ့လုပ်ငန်းစဉ်တစ်ခု ဖြစ်နေပါတယ်။ ဒ့ါအပြင် ကျေးရွာအုပ်စုအဆင့်များမှာ ရွေးချယ်ခန့်အပ်ခြင်းခံရတဲ့ ကျေးရွာတာဝန်ခံ သို့မဟုတ် ယခင်အခေါ်အဝေါ် ရွာသူကြီးများသည်လည်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများကိုယ်စား မိမိတို့ကျေးရွာအလိုက် တာဝန်ယူဆောင်ရွက်ကြရတဲ့အတွက် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများထက်ပင် တာဝန်ပို ကြရပါတယ်။ ဒါကြောင့် ချီးမြှင့်ထောက်ပံ့ကြေးများလည်း ခံစားခွင့်ရရှိသင့်တယ်လို့ ထင်မြင်ယူဆမိပါတယ်။ သို့ဖြစ်ပါ၍ နောင်လာမည့်အောက်ခြေအဆင့် ရွေးကောက်တင်မြှောက်ပွဲများကို အစီအစဉ်တကျအဆင်ပြေစွာကျင်းပဆောင်ရွက်ပေးနိုင်ရန် အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းအပ်ပါတယ်။ မေးခွန်း(၁) ၂၀၁၇-၂၀၁၈ ခုနှစ်၌ ကျင်းပခဲ့သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့်အုပ်ချုပ်ရေးမှူးများ ရွေးချယ်တင်မြှောက်ပွဲတွင် မည်သည့်ငွေစာရင်းခေါင်းစဉ်ဖြင့် စီစဉ်ဆောင်ရွက်ခဲ့ပါသနည်း။ နောင်တွင် ကျင်းပမည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးချယ်ပွဲများတွင် အဆင်ပြေစွာကျင်းပဆောင်ရွက်သွားနိုင်ရန် ဘဏ္ဍာငွေစာရင်းခေါင်းစဉ် သီးသန့်ခွဲဝေချမှတ်

ပေးရန်အစီအစဉ်ရှိ/မရှိနှင့် သက်ဆိုင်ရာကျေးရွာတာဝန်ခံများကိုလည်း ချီးမြှင့်ထောက်ပံ့ငွေများ သတ်မှတ်ပေးရန်အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနက ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ မောက်မယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းငေါင်းဆိုင်ဟိန်းမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ၂၀၁၇-၂၀၁၈ ခုနှစ်၌ ကျင်းပခဲ့သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအဆင့် အုပ်ချုပ်ရေးမှူးများ ရွေးချယ်တင်မြှောက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတရုံးရဲ့ ၁၇-၁၀-၂၀၁၇ ရက်စွဲပါစာဖြင့် ညွှန်ကြားချက်အရ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများရွေးချယ်မှုအား တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့မှ ကြီးကြပ်ဆောင်ရွက်ခဲ့ပါတယ်။ ၁-၁၀-၂၀၁၁ ရက်နေ့မှစ၍ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (ရုံးချုပ်)နှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများရဲ့ ဘဏ္ဍာငွေ အရ/အသုံးကိစ္စရပ်များကို ပြည်ထောင်စုဘဏ္ဍာငွေ အစီအစဉ်ဖြင့်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရလက်အောက်ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးအဆင့်ဆင့်ရဲ့ ဘဏ္ဍာငွေအရ/အသုံးကိစ္စရပ်များကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့်လည်းကောင်း ရေးဆွဲဆောင်ရွက်ခဲ့ပါတယ်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်) ရဲ့ ၈-၇-၂၀၁၂ ရက်စွဲပါစာဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ လစဉ် ချီးမြှင့်ထောက်ပံ့ငွေ ၇၀၀၀၀ ကျပ်နှုန်းဖြင့် ၀၁-၀၂ စရိတ်ချီးမြှင့်ငွေ ခေါင်းစဉ်အောက်မှလည်းကောင်း၊ အုပ်ချုပ်ရေးမှူးရုံးတစ်ရုံးရဲ့ ရုံးအသုံးစရိတ်အား ကျပ် ၅၀၀၀ နှုန်းဖြင့် ၀၃ ပစ္စည်းလုပ်အားခခေါင်းစဉ် အောက်မှလည်းကောင်း ချီးမြှင့်ထောက်ပံ့ရန် ညွှန်ကြားခဲ့ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ရွေးချယ်တင်မြှောက်ပွဲပြုလုပ်မည့် ကုန်ကျစရိတ်အတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၂၉ အရ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ ခွင့်ပြုရန်ပုံငွေဖြင့် မြို့နယ်အလိုက် လစဉ်ပုံမှန် ခွဲဝေချထားပေးတဲ့ ငွေစာရင်းခေါင်းစဉ် ၀၃ မှကျခံသုံးစွဲနိုင်ပါတယ်။ အဆိုပါ ငွေစာရင်းခေါင်းစဉ် ၀၃ အောက်တွင်ရှိတဲ့ ငွေစာရင်းခေါင်းစဉ်ခွဲများမှ ၀၃-၀၁ လုပ်အားခ၊ ၀၃-၀၃ ငှားရမ်းခ၊ ၀၃-၀၄ သယ်ယူပို့ဆောင်ခ၊ ၀၃-၀၅ ရုံးအသုံးအဆောင်၊ ၀၃-၀၆ ဓာတ်ဆီ၊ စက်ဆီ၊ ချောဆီ၊ ၀၃-၀၇ တံဆိပ်ခေါင်း၊ ကြေးနန်း၊ တယ်လီဖုန်း၊ ၀၃-၀၈ လျှပ်စစ်ဓါတ်အားခ၊ ၀၃-၀၉ စာအုပ်စာနယ်ဇင်းသတင်းစာ၊ ၀၃-၂၀ ပုံနှိပ်ခစသည်တို့ဖြစ်ကြပါတယ်။

ထို့အပြင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ရွေးချယ်ပွဲများတွင် အဆင်ပြေစွာ ကျင်းပဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ၁-၄-၂၀၁၇ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၃၅/၂၀၁၇)ဖြင့် ထုတ်ပြန်သတ်မှတ်ခဲ့တဲ့ ဘဏ္ဍာရေးစည်းမျဉ်းစီမံခန့်ခွဲမှုဆိုင်ရာစည်းမျဉ်းအပိုဒ် ၅၅ အပိုဒ်ခွဲ(ဂ) ပါပြဋ္ဌာန်းချက်အရ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်ရရှိပြီးသည့်ဌာန၊ အဖွဲ့အစည်းရဲ့ အသစ်ဖြစ်တဲ့ အသုံးစရိတ်များကျခံနိုင်ရန်လိုငွေကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းရဲ့ အခြားငွေစာရင်းခေါင်းစဉ်တစ်ခုအောက် ရှိပိုလျှံငွေမှ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ခွင့်ပြုချက်ဖြင့် ရန်ပုံငွေလွှဲပြောင်းသုံးစွဲနိုင်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများရွေးချယ်ရန် ဘဏ္ဍာရေးရန်ပုံငွေ တင်ပြတောင်းခံမှုမပြုလုပ်မီ ကြိုတင်သိရှိပါက ငွေလုံးငွေရင်းအသုံးစရိတ်မှာ ထည့်သွင်းတင်ပြ တောင်းခံ၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုဆောင်ရွက်ရမှာဖြစ်ပါတယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေတွင် ကျေးရွာတာဝန်ခံများအား ချီးမြှင့်ထောက်ပံ့ငွေသတ်မှတ်ပေးရန် ပြဋ္ဌာန်းထားခြင်းမရှိသဖြင့် ချီးမြှင့်ထောက်ပံ့ငွေပေးအပ်ခြင်းမရှိကြောင်း တင်ပြအပ်ပါတယ်။ သို့ပါ၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ ရွေးချယ်ပွဲတွင် ကျခံသုံးစွဲရမည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနှင့်အညီ ကျခံသုံးစွဲလျက်ရှိပါသဖြင့် သီးသန့်ငွေစာရင်းခေါင်းစဉ် သတ်မှတ်ပေးရန် အစီအစဉ်မရှိပါကြောင်းနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေတွင် ကျေးရွာတာဝန်ခံများအား ချီးမြှင့်ထောက်ပံ့ငွေသတ်မှတ်ပေးရန် ပြဋ္ဌာန်းထားခြင်းမရှိသဖြင့် ချီးမြှင့်ထောက်ပံ့ငွေပေးအပ်ခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**မူဆယ်မြို့တွင် နိုင်ငံကူးလက်မှတ်(Passport)ထုတ်ပေးသည့် ရုံးခွဲဖွင့်လှစ်ထားရှိပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးမြတ် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းဖိုးမြတ်(မူဆယ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မူဆယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဖိုးမြတ် ဖြစ်ပါတယ်။ မူဆယ်မြို့မှာ နိုင်ငံကူးလက်မှတ်(Passport)ထုတ်ပေးတဲ့ ရုံးခွဲဖွင့်လှစ်ထားရှိပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံသား ရဟန်းရှင်လူ၊ ပြည်သူများဟာ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံများကို ခရီးသွားလိုရင် ရှေးယခင်က ရန်ကုန်မြို့မှာ နိုင်ငံကူးလက်မှတ်(Passport) သွားရောက်လျှောက်ထားထုတ်ယူလို့ ရပါတယ်။ အဲဒီနောက် မန္တလေးမြို့မှာလည်း နိုင်ငံကူးလက်မှတ်ထုတ်ပေးတဲ့ရုံး ဖွင့်လှစ်ပေးခဲ့တဲ့အပြင် နိုင်ငံတော်အစိုးရရဲ့ ပထမသက်တမ်းကာလအတွင်းမှာ တိုင်းဒေသကြီးနဲ့ပြည်နယ် ၁၄ ခုရဲ့ အစိုးရရုံးစိုက်ရာမြို့ကြီးများမှာ နိုင်ငံကူးလက်မှတ်ထုတ်ပေးတဲ့ရုံးခွဲများအသီးသီးဖွင့်လှစ်ခဲ့တာကို တွေ့ရှိရပါ

တယ်။ ရှမ်းပြည်နယ်မှာ(အရှေ့ပိုင်း)၊ (တောင်ပိုင်း)၊ (မြောက်ပိုင်း)ဆိုပြီးရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွက် ကျိုင်းတုံမြို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွက် တောင်ကြီးမြို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွက် လားရှိုးမြို့၌လည်းကောင်း နိုင်ငံကူးလက်မှတ် ထုတ်ပေးတဲ့ရုံးခွဲများ အသီးသီးဖွင့်လှစ်ထားရှိပေးခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာ တာချီလိတ်မြို့၌လည်းပဲ နိုင်ငံကူးလက်မှတ်ထုတ်ပေးတဲ့ရုံးခွဲတစ်ခု ထပ်မံဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရပါတယ်။ မူဆယ်ခရိုင်မှာ မူဆယ်မြို့နယ်၊ နမ့်ခမ်းမြို့နယ်နှင့်ကွတ်ခိုင်မြို့နယ်တို့ ပါဝင်ကြပါတယ်။ လူဦးရေအားဖြင့် မူဆယ် မြို့နယ်တွင် ၁၅၂၈၂၆ ယောက်၊ နမ့်ခမ်းမြို့နယ်မှာ ၁၁၅၂၁၃ ယောက်၊ ကွတ်ခိုင်မြို့နယ်မှာ ၁၈၈၁၃၉ ယောက်အသီးသီးရှိကြပြီး မူဆယ်ခရိုင်ရဲ့လူဦးရေစုစုပေါင်းကတော့ ၄၅၆၁၇၈ ယောက် ရှိကြောင်း ၂၀၁၇ ခုနှစ် စက်တင်ဘာလကုန်အထိပြုစုတဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရဲ့ မှတ်တမ်းများအရ သိရှိရပါတယ်။ မူဆယ်ခရိုင်အတွင်းရှိ ရဟန်းရှင်လူ၊ ပြည်သူများဟာ နိုင်ငံကူးလက်မှတ်ပြုလုပ်ရန်အတွက် လားရှိုးမြို့ရှိ နိုင်ငံကူးလက်မှတ်ထုတ်ပေးတဲ့ ရုံးသို့ နှစ်ကြိမ်သွားရောက်ပြုလုပ်ရမှာဖြစ်ပါတယ်။ ပထမအကြိမ်ကတော့ နိုင်ငံကူးလက်မှတ် သွားရောက်လျှောက်ထားခြင်းဖြစ်ပြီး တစ်ပတ်၊ ၁၀ ရက်ကြာလျှင် ဒုတိယအကြိမ်အဖြစ် နိုင်ငံကူး လက်မှတ်သွားရောက်ထုတ်ယူရပါတယ်။ တစ်ကြိမ်လျှင်အနည်းဆုံး တစ်ညအိပ်ပြီးတော့ နိုင်ငံကူး လက်မှတ်ပြုလုပ်ရပါတယ်။ မူဆယ်၊ နမ့်ခမ်းမြို့များနှင့် လားရှိုးမြို့အကွာအဝေးကတော့ မိုင် ၁၂၀ ကျော်ခန့်ရှိပြီး Oriental High Way ကုမ္ပဏီကနေပြီးတော့ တာဝန်ယူဆောက်လုပ်လျက်ရှိတဲ့ အာဆီယံအဝေးပြေးလမ်းမကြီးဟာ ၂၀၁၈-၂၀၁၉ ခုနှစ်မှာ ပြီးစီးမယ်ဆိုပေမဲ့လည်း လားရှိုး-မူဆယ် လမ်းပိုင်းမှာ နေ့စဉ်သွားလာတဲ့ အတက်/အဆင်းယာဉ်မျိုးစုံရဲ့ အရေအတွက်ဟာ အဆမတန်များပြား နေခြင်းကြောင့် သွားချိန်၊ လာချိန်နဲ့ ရောက်ရှိမယ့်အချိန်များကို ကြိုတင်မှန်းဆမရအောင်ဖြစ်နေပါ တယ်။ နိုင်ငံကူးလက်မှတ်ကိစ္စအလို့ငှာ ၎င်းလမ်းခရီးဖြင့် သွားလာပြုလုပ်ရာမှာ လူငယ်၊ လူရွယ် များအတွက် အခက်အခဲမရှိပေမဲ့ အသက်ကြီးသူများ၊ ရဟန်း၊ သံဃာများနဲ့ ကျန်းမာရေးမကောင်းသူ များအတွက် အချိန်ကုန်၊ ငွေကုန်စေတဲ့အပြင် ကိုယ်စိတ်နှစ်ပါးပင်ပန်းစေခြင်းကြောင့် အဆင်မပြေလှ ကြောင်း တွေ့ရှိရပါတယ်။ အထက်ဖော်ပြပါ အကြောင်းအချက်များအပြင် မူဆယ်မြို့မှာ နယ်စပ် ကုန်သွယ်ရေးဇုန်ဖြစ်ခြင်းနှင့် မြန်မာနိုင်ငံ၏ အရှေ့၊ မြောက်တံခါးပေါက်ရှိနေခြင်း။ မြန်မာ၊ တရုတ် နှစ်နိုင်ငံအစိုးရတွေရဲ့ ညှိနှိုင်းသဘောတူညီမှုအရ မကြာမီကာလတစ်ခုမှာ မူဆယ်မြို့၌ တတိယနိုင်ငံ များကပါ ဖြတ်သန်းသွားလာနိုင်မယ့် အပြည်ပြည်ဆိုင်ရာနယ်စပ်စိစစ်ရေးဂိတ်တစ်ခု ဖွင့်လှစ် ပေးတော့မှာဖြစ်ခြင်းစတဲ့ စသည်တို့ကြောင့် မူဆယ်ခရိုင်၊ မူဆယ်မြို့တွင် နိုင်ငံကူးလက်မှတ် ထုတ်ပေးတဲ့ရုံးခွဲတစ်ခု ဖွင့်လှစ်ထားရှိပေးစေလိုပါတယ်။ အဲဒီလို ဖွင့်လှစ်ပေးနိုင်ခဲ့ရင် မူဆယ်ခရိုင် အတွင်းရှိ ရဟန်းရှင်၊ ပြည်သူများသာမက မူဆယ်ခရိုင်နဲ့ထိစပ်လျက်ရှိတဲ့ ကချင်ပြည်နယ်မှ မံစီနဲ့ လွယ်ဂျယ်ဒေသရှိပြည်သူများကပါ နိုင်ငံကူးလက်မှတ်ကို ပိုမိုလွယ်ကူစွာ ပြုလုပ်နိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မူဆယ်ခရိုင်၊ မူဆယ်မြို့မှာ နိုင်ငံကူးလက်မှတ်(Passport) ထုတ်ပေးတဲ့ရုံးခွဲ ဖွင့်လှစ် ထားပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့မေးခွန်းကို မဲဆန္ဒရှင်ပြည်သူများကိုယ်စား ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ပြည်ထဲရေးဝန်ကြီးဌာနမှ ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဖြစ်ပါတယ်။ ရှမ်းပြည်နယ်၊ မူဆယ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းဖိုးမြတ်မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

မူဆယ်မြို့ဟာ မြန်မာနိုင်ငံနဲ့တရုတ်နိုင်ငံတို့ရဲ့ နှစ်နိုင်ငံနယ်စပ်မြို့ဖြစ်ပြီး တရားဝင်/ထွက်ပေါက်များဖြစ်တဲ့ နန်းတော်ဂိတ်(ကျယ်-၁)၊ ဆင်ဖြူဂိတ်(ကျယ်-၂)နှင့် မန့်ဝိန်းဂိတ်(ကျယ်-၃)တို့တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဌာနခွဲ(၇)(မူဆယ်)က ဝင်/ထွက်သွားလာမှုများကို စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ လူဝင်မှုကြီးကြပ်ရေးဌာနခွဲ(၇)(မူဆယ်)အနေဖြင့် တစ်နှစ်သက်တမ်းရှိ ခြောက်ညအိပ် ခုနစ်ရက်ခွင့်ပြုထားတဲ့ BP(Border Pass)နယ်စပ်ဖြတ်သန်းခွင့် စာအုပ်(အနီရောင်)၊ ခုနစ်ရက်သက်တမ်းရှိတဲ့ TBP(Temporary Border Pass) ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်(အစိမ်းရောင်)တို့အား ထုတ်ပေး၍ မြန်မာနိုင်ငံသားများအား တရုတ်နိုင်ငံအတွင်းသို့ နယ်စပ်ဂိတ်မှ ကီလိုမီတာ ၆၀ အထိသွားရောက်ခွင့်ပြုထားပြီး အဆိုပါ စာအုပ်နှင့်လက်မှတ်များဖြင့်သာ တရုတ်နိုင်ငံသို့ဝင်/ထွက်သွားလာမှုတို့အား ဆောင်ရွကပေးလျက်ရှိကြောင်း သိရှိရပါတယ်။

ယခင်က မြန်မာနိုင်ငံသားများ တရုတ်နိုင်ငံဘက်သို့ သာမန်မြန်မာနိုင်ငံကူးလက်မှတ်အသုံးပြု၍ ဝင်/ထွက်ရာတွင်လည်းကောင်း၊ တရုတ်နိုင်ငံသားများ မြန်မာနိုင်ငံဘက်သို့ နိုင်ငံကူးလက်မှတ်အသုံးပြု၍ဝင်/ထွက်ရာတွင်လည်းကောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးသို့လျှောက်ထားရပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှတစ်ဆင့် နိုင်ငံတော်သမ္မတရုံးရဲ့ ခွင့်ပြုချက်ပါရှိမှသာ လူဝင်မှုကြီးကြပ်ရေးဌာနခွဲ(၇)(မူဆယ်)အနေဖြင့် ဝင်/ထွက်ခွင့် စိစစ်ခွင့်ပြုပေးခဲ့ပါတယ်။ ၂၁-၁၁-၂၀၁၆ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံရဲ့ လုံခြုံရေးအခြေအနေအရ မူဆယ်မြို့မှတရုတ်နိုင်ငံသို့ သာမန်မြန်မာနိုင်ငံကူးလက်မှတ်(Passport)ဖြင့် ဝင်/ထွက်သွားလာခွင့်များအား ပိတ်ထားကြောင်းသိရှိရပါတယ်။

မူဆယ်မြို့တွင်နေထိုင်တဲ့ ပြည်သူလူထုများအနေဖြင့်လည်း ပြည်ပနိုင်ငံများသို့ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များမှတစ်ဆင့် ထွက်ခွာနိုင်ရေးအတွက် နိုင်ငံကူးလက်မှတ်များပြုလုပ်လိုပါက မူဆယ်မြို့နှင့် မိုင် ၁၁၀ ခန့်ကွာဝေးတဲ့ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲ(လားရှိုး)မှာ သွားရောက်လျှောက်ထားရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲ(လားရှိုး)မှာ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလမှ ဇူလိုင်လ ၃၁ ရက်နေ့ထိ လာရောက်လျှောက်ထားသူ စုစုပေါင်း ၁၂၉၇၁

ဦးရှိပြီး လျှောက်ထားသူများအနက် မူဆယ်မြို့နယ်မှ ၁၇၄၁ ဦး၊ ကွတ်ခိုင်မြို့နယ်မှ ၈၄၄ ဦး၊ နမ့်ခမ်းမြို့နယ်မှ ၁၁၂၆ ဦး စုစုပေါင်း ၃၇၁၁ ဦးရှိသဖြင့် မူဆယ်ခရိုင်အတွင်းမှ ပြည်သူလူထု တစ်လပျမ်းမျှ ၅၀၀ မှ ၅၅၀ ခန့်လာရောက်လျှောက်ထားကြောင်း စိစစ်တွေ့ရှိရပါတယ်။ ထိုသို့ သာမန် မြန်မာနိုင်ငံကူးလက်မှတ် လာရောက်လျှောက်ထားသူများအား မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးခွဲ (လားရှိုး)အနေဖြင့် အချိန်မီစိစစ်ထုတ်ပေးလျက်ရှိသည့်အပြင် နယ်မြေအခြေအနေအပေါ်မူတည်၍ အခါအားလျော်စွာ မူဆယ်မြို့သို့သွားရောက်ကာ Home Service အစီအစဉ်ဖြင့် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

သို့ပါ၍ မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးရုံးခွဲ(လားရှိုး)အနေဖြင့် သာမန်မြန်မာနိုင်ငံကူးလက်မှတ်လျှောက်ထားသူများအား အချိန်နှင့်တစ်ပြေးညီစိစစ်၍ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အခါအားလျော်စွာ မူဆယ်မြို့သို့ကွင်းဆင်း၍ Home Service ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၁-၁၁-၂၀၁၆ ရက်မှစ၍ နိုင်ငံ၏လုံခြုံရေးအခြေအနေအရ မူဆယ်မြို့မှ တရုတ်နိုင်ငံသို့ သာမန်မြန်မာနိုင်ငံကူးလက်မှတ်ဖြင့် ဝင်/ထွက်သွားလာခွင့် တားမြစ်ထားပါကြောင်းနှင့် လက်ရှိအခြေအနေတွင် မူဆယ်မြို့၌ သာမန်မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးရုံးဖွင့်လှစ်ရန် အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တောင်ကုတ်မြို့နယ်၊ တောင်ကုတ်မြို့မရဲစခန်းရှိ ရဲတပ်ဖွဲ့ဝင်များ၏ ဟောင်းနွမ်းဆွေးမြည့်နေသော နေအိမ်လိုင်းခန်းအဆောက်အဦများကို အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်နီနီမေမြင့်(တောင်ကုတ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ တောင်ကုတ်မြို့နယ်၊ တောင်ကုတ်မြို့မရဲစခန်းရှိ ရဲတပ်ဖွဲ့ဝင်များ၏ ဟောင်းနွမ်းဆွေးမြည့်နေသော နေအိမ်လိုင်းခန်းအဆောက်အဦများကို အသစ်ပြန်လည်ဆောက် လုပ်ပေးရန်အစီအစဉ်ရှိ/မရှိမေးမြန်းမှာ ဖြစ်ပါတယ်ရှင်။ လေးစားအပ်သော လွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ ဒီမေးခွန်းကိုမေးမြန်းရသောအကြောင်းအရင်းကတော့ တောင်ကုတ်မြို့ရဲ့လူဦးရေဟာ ၁၄၀၀၀၀ ကျော်ရှိပြီး တဖြည်းဖြည်းလူဦးရေထူထပ်လာသောမြို့တစ်မြို့ ဖြစ်ပါတယ်။ ထိုသို့လူဦးရေထူထပ်လာတဲ့အတွက် မြို့နယ်ရဲ့လုံခြုံရေးကို ၂၄ နာရီတာဝန်ယူထားရတဲ့ ရဲတပ်ဖွဲ့ဝင်များရဲ့ လုပ်ငန်းစွမ်းဆောင်ရည်ရှိဖို့ကလည်း အင်မတန်အရေးကြီးပါတယ်။ အထူးသဖြင့် ရဲတပ်ဖွဲ့ဝင်များဟာ မိမိတို့ရဲ့တာဝန်ကို ထမ်းဆောင်တဲ့နေရာမှာ ၎င်းတို့ရဲ့ မိသားစုလုံခြုံရေးကို စိတ်ချလက်ချထားကာ နိုင်ငံ့တာဝန်များကို ကျေပွန်စွာလုပ်ဆောင်နိုင်မှာဖြစ်ပါတယ်ရှင်။ ပြည်သူများအတွက် ၂၄ နာရီတာဝန်ယူနေရသော ပြည်သူ့ရဲဝန်ထမ်းများမှာ ရဲတပ်ဖွဲ့တစ်ခုမှာရှိရမယ့် ရဲတပ်ဖွဲ့ဝင်ဖွဲ့စည်းပုံအင်အားပြည့်မီအောင် မခန့်ထားနိုင်ခြင်းက

တစ်ကြောင်း၊ နေမှုထိုင်မှုအဆင်မပြေမှုကတစ်ကြောင်းနဲ့ ပင်ပန်းလျက်ရှိကြပါတယ်။ ယခုလက်ရှိ တောင်ကုတ်မြို့မရဲစခန်းရှိ ဝန်ထမ်းလိုင်းခန်းအိမ်ရာများမှာ အမိုးအကာ၊ တိုင်အောက်ခြေများမှာ ဆွေးမြည့်ပျက်စီးနေပြီး အဖာအထေးများနဲ့လူမြင်မကောင်းအောင် ဆိုးဝါးနေပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မကို Power Point အသုံးပြုခွင့်ပြုပါရှင်။ ဒါက ကျွန်မတို့ ရဲဝန်ထမ်း လိုင်းခန်းရဲ့ရှေ့မျက်နှာစာပဲဖြစ်ပါတယ်။ ဒါက ရဲဝန်ထမ်းလိုင်းခန်းအနောက်ဘက်က တွေ့မြင်ရတဲ့ပုံပဲ ဖြစ်ပါတယ်။ ဒါကလည်း အောက်ခြေတိုင်တွေဟာဆိုရင် ဆွေးမြည့်နေတယ်။ အမိုးအကာတွေဟာ အင်မတန်မှကို ဆိုးဆိုးဝါးဝါးဖြစ်နေပါတယ်။ ဒါကလည်း ရှေ့ကမြင်ရတဲ့ပုံပဲ ဖြစ်ပါတယ်။ ဒါကလည်း ဘေးပတ်ပတ်လည်ကရိုက်ထားတဲ့ပုံတွေပဲဖြစ်ပါတယ်။ ဒါဆိုလို့ရှိရင်လည်း အင်မတန်မှ ခေါင်မိုးတွေ လည်း ယိုယွင်းပျက်စီးနေပါပြီ။ ဒါ ဘေးကအကာတွေဆိုရင်လည်း အကုန်လုံးဆွေးမြည့်ဟောင်းနွမ်းပြီး ပျက်စီးနေတာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ အဲဒီအဆောက်အဦတွေဟာဆိုရင် ၁၉၄၀ ခုနှစ် နောက်ပိုင်းမှာ တည်ဆောက်ခဲ့တဲ့အဆောက်အဦတွေဖြစ်တဲ့အတွက်ကြောင့် နှစ်ပေါင်း ၇၀ ကျော် ကြာမြင့်နေသော အဆောက်အဦများလည်း ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံ့တာဝန်ထမ်းဆောင်န ကြသော ရဲဝန်ထမ်းများနဲ့ ၎င်းတို့၏မိသားစုများအတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အထက်ပါမေးခွန်းအား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ ဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ တောင်ကုတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ တောင်ကုတ်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်း တို့ဟာ တောင်ကုတ်မြို့၊ ဂူတာရပ်ကွက်အတွင်း မြေဧရိယာ ၃.၁၉၈ ဧကအပေါ်မှာ တည်ရှိပါတယ်။ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးရဲ့ ဖွဲ့စည်းပုံအင်အားမှာ အရာရှိခုနစ်ဦး၊ အခြားအဆင့်ရှစ်ဦး၊ စာရေးဝန်ထမ်း နှစ်ဦး စုစုပေါင်း ၁၇ ဦးဖြစ်ပြီး လက်ရှိမှာ အရာရှိခြောက်ဦး၊ အခြားအဆင့် ၁၁ ဦး၊ စာရေးဝန်ထမ်း နှစ်ဦး စုစုပေါင်း ၁၉ ဦးတို့ဖြင့် လုပ်ငန်းတာဝန်ထမ်းဆောင်ရွက်လျက်ရှိပါတယ်။ မြို့မရဲစခန်းဖွဲ့စည်းပုံ မှာ အရာရှိ ၁၂ ဦး၊ အခြားအဆင့် ၆၉ ဦး စုစုပေါင်း ၈၁ ဦးဖြစ်ပြီး လက်ရှိတွင် အရာရှိကိုးဦး၊ အခြား အဆင့် ၆၉ ဦး စုစုပေါင်း ၇၈ ဦးတို့ဖြင့် နယ်မြေလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းတာဝန် များကို ဆောင်ရွက်လျက်ရှိပါတယ်။

တောင်ကုတ်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်းဝင်းအတွင်း မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ရဲစခန်းပါ နှစ်ထပ်ရုံးတစ်ရုံး၊ ရဲစခန်းရုံး(ဗဟိုကင်း) တစ်ထပ်တစ်လုံး၊ သက်သာဆိုင်တစ်လုံး၊ သက်သေခံပစ္စည်း

စတိုတစ်လုံး၊ ကိုယ့်အားကိုယ်ကိုး ၁၆ ဦးဆိုင် တစ်ထပ် လူပျိုဆောင်တစ်လုံး၊ ရဲရိပ်သာ တစ်ထပ်တစ်လုံး၊ လုံးချင်းနေအိမ် ၁၀ လုံး၊ နှစ်ခန်းတွဲ တစ်ထပ် ၁၄ လုံး၊ လေးခန်းတွဲ တစ်ထပ်လေးလုံး စုစုပေါင်း အဆောက်အဦ ၃၄ လုံးရှိပြီး လူနေအခန်း ၅၄ ခန်းရှိပါတယ်။ တောင်ကုတ်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးရဲ့ မြို့မရဲစခန်းဝင်းအတွင်းမှာ အိမ်ထောင်သည် ၆၃ ဦးရှိသည့် အနက် ၄၅ ဦးမှာ နေအိမ်လိုင်းခန်း ၄၅ ခန်းမှာနေထိုင်လျက်ရှိပြီး ကျန် ၁၈ ဦးမှာ ဒေသခံများဖြစ်၍ ပြင်ပရှိမိဘဆွေမျိုးများထံတွင် လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးလက်အောက်ရှိ တောင်ပုံကြီးရဲကင်းစခန်းမှ မိသားစုခုနစ်စုက နေအိမ်လိုင်းခန်းခုနစ်ခန်းတို့တွင်လည်းကောင်း နေထိုင်လျက်ရှိပါတယ်။ လူပျို/အပျို ၃၄ ဦးရှိသည့် အနက် ၃၀ ဦးမှာ နေအိမ်လိုင်းခန်းနှစ်ခန်း၊ လူပျိုဆောင်၊ ရဲရိပ်သာတို့မှာနေထိုင်လျက်ရှိပြီး ကျန် လေးဦးမှာ ပြင်ပရှိမိဘဆွေမျိုးများထံ နေထိုင်လျက်ရှိပါတယ်။ တောင်ကုတ်မြို့မရဲစခန်းဝင်းအတွင်းရှိ လူနေအဆောက်အဦ ၂၈ လုံးမှာ နှစ်ကာလကြာမြင့်ပြီး ဟောင်းနွမ်းဆွေးမြည့်နေတဲ့အတွက် အသစ်ပြန်လည်ဆောက်လုပ်ပေးရန် လိုအပ်လျက်ရှိပါတယ်။ သို့ပါ၍ တောင်ကုတ်မြို့မရဲစခန်းဝင်းအတွင်းရှိ လေးခန်းတွဲ နှစ်ထပ်တစ်လုံး၊ ခြောက်ခန်းတွဲ နှစ်ထပ်လေးလုံးတို့အား ဆောက်လုပ်နိုင်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (မူလ)ရန်ပုံငွေတွင် တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တမူးမြို့နယ်အတွင်းရှိ ကျေးလက်နေမြေယာမဲ့ ပြည်သူများနေထိုင်ရန် မြေနေရာခွင့်ပြုချထားပေးနိုင်ရေး မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တမူးမဲဆန္ဒနယ်မှ ဦးနိုင်နိုင်ဝင်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးနိုင်နိုင်ဝင်း(တမူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များ အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့နယ်အတွင်းမှာရှိတဲ့ ကျေးလက်နေမြေယာမဲ့ ပြည်သူများနေထိုင်ရန် မြေနေရာခွင့်ပြုချထားနိုင်ရေးအတွက် မည်သို့စီမံဆောင်ရွက်ပေးမည်ကို မေးမြန်းသွားမှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တမူးခရိုင်အတွင်း တိုးပွားလာတဲ့ ကျေးလက်နေပြည်သူတွေ နေထိုင်ရန် အိမ်ယာမြေဖော်ထုတ်ပေးရန် လိုအပ်နေပါတယ်။ နိုင်ငံတစ်ဝှမ်းမှာရှိတဲ့ တခြားကျေးရွာတွေမှာလည်း အလားတူအခက်အခဲတွေရှိမယ်လို့ ထင်ပါတယ်။ ကျေးလက်နေတိုးပွားလာတဲ့ လူဦးရေနှင့် တိုးချဲ့လာရတဲ့ အိမ်၊ ခြံ၊ မြေနေရာတွေကြောင့် ကျေးလက်နေပြည်သူအများစုဟာ မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဥပဒေအရ ပြစ်မှုကျူးလွန်သူတွေအဖြစ် အလိုလိုရောက်ရှိနေပါတယ်။ နိုင်ငံတော်မှ ကျေးရွာတိုးချဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း၊ အသစ်ရေးဆွဲခြင်း သို့မဟုတ် ကျေးလက်နေပြည်သူများအတွက် မြေယာဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မြေနေရာစီမံသတ်မှတ်ပေးရန် လိုအပ်နေပါတယ်။ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းတွေရှိနေပေမယ့် ကျွန်တော့်ဒေသမှာတော့

ကျေးရွာတွေကို အိမ်မြေနေရာဖော်ထုတ်ပေးနိုင်ခဲ့တာ မတွေ့ရသေးပါဘူး။ ပြည်သူအများစုကတော့ အဆင်ပြေသလိုခုတ်ထွင်ရှင်းလင်းနေထိုင်ရင်း သက်ဆိုင်ရာဌာနကလည်း တားမြစ်ရင်းနဲ့ အချိန်ကြာလာတော့ အတည်လိုလိုဖြစ်လာပြီး နေထိုင်သွားကြတာပဲ ရှိပါတယ်။ ပြည်သူတွေအနေနဲ့ အထောက်အထားမဲ့စွာ နေထိုင်ရခြင်းအစား ခိုင်မာတဲ့ တရားဝင်နေထိုင်ခွင့်ရရှိအောင် အစိုးရမှ စနစ်တကျဖော်ဆောင်ပေးသင့်ပါတယ်။ ဒါမှသာ စနစ်ကျတဲ့အိမ်မြေနေရာတွေနဲ့ ကျေးလက်နေပြည်သူတွေနေထိုင်နိုင်ကြမှာပါ။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနသို့မေးမြန်းလိုသည်မှာ တမူးမြို့နယ်အတွင်းရှိ ကျေးလက်နေမြေယာမဲ့ပြည်သူများနေထိုင်ရန် မြေနေရာခွင့်ပြုချထားနိုင်ရေးအတွက် မည်သို့စီမံဆောင်ရွက်ပေးနိုင်မည်ကိုသိလို၍ မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနိုင်နိုင်ဝင်း မေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ တမူးမြို့နယ်မှာ အိမ်ခြေ ၂၀၈၈၃ လုံး၊ အိမ်ထောင်စု ၂၁၂၇၇ စုနှင့် လူဦးရေ ၁၁၄၈၄၇ ဦး နေထိုင်လျက်ရှိပြီး မြေအသုံးချမှုအနေဖြင့် အသားတင်စိုက်ပျိုးမြေဧရိယာ ၈၁၄၁၄ ဧက၊ မြို့မြေဧရိယာ ၁၃၀၁ ဧက၊ ရွာမြေဧရိယာ ၂၅၈၉ ဧက၊ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောဧရိယာ ၁၆၉၇၂၃ ဧကခန့် ရှိပါတယ်။ တမူးမြို့နယ်မှာ လူဦးရေတိုးပွားမှု၊ အခြားဒေသမှ လာရောက်နေထိုင်မှုများ၊ ဒေသတွင်းဆင်းရဲနွမ်းပါးသူများ၊ အိမ်ငှားနေထိုင်သူများစတဲ့ အကြောင်းအမျိုးမျိုးကြောင့် ကျူးကျော်နေထိုင်မှုများအား စနစ်တကျနေရာချထားပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိရာ တိုးပွားလာတဲ့လူဦးရေအချိုးအစားနှင့် မြို့ပြအကျယ်အဝန်းအရ လူနေထိုင်ရန်အတွက်လည်းကောင်း၊ နယ်စပ်မြို့ဖြစ်တဲ့အတွက် တစ်ဖက်နိုင်ငံမှ ကျူးကျော်မှုမရှိစေရေး ကြိုတင်ကာကွယ်ရန်အတွက်လည်းကောင်း၊ မြို့မြေအကွက်အသစ်များ ဖော်ထုတ်နေရာချထားပေးနိုင်ရေးနှင့် တမူးမြို့နယ်၊ မြို့ရှောင်လမ်းအနီး ဝဲ/ယာရှိ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိတဲ့ မြေအမျိုးအစားဖြစ်တဲ့ မြေဧရိယာ ၁၁၇ ဧကကျော်တွင် နေရာချထားပေးနိုင်ရေး စီမံချက်အသေးစိတ်ရေးဆွဲ၍ ပြန်လည်တင်ပြရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တမူးခရိုင်စီမံခန့်ခွဲမှုကော်မတီသို့ ၅-၃-၂၀၁၈ ရက်စွဲပါစာဖြင့် အကြောင်းကြားထားရှိမှုအပေါ် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များဖြင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း သိရှိရပါတယ်။

ထို့ပြင် တမူးမြို့နယ်၊ မြို့သစ်မြို့မှာ ဒေသတွင်းဆင်းရဲနွမ်းပါးသူများနှင့် အငြိမ်းစားဝန်ထမ်းများ အနက်မှ အခြေချနေထိုင်မည့်သူများကို စာရင်းပြုစု၍ စနစ်တကျ နေရာချထားပေးနိုင်ရေးအတွက် မြို့သစ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အနော်ရထားလမ်းနှင့် စံပယ်လမ်းကြား ရဲစခန်းနှင့်အနောက်ဘက် မြေလွတ်၊ မြေလပ်ဧရိယာ ၅.၆၃၈ ဧကပေါ်တွင် အိမ်ရာမြေကွက်များ ဖော်ထုတ်နိုင်ရေးအတွက် တမူး ခရိုင်စီမံခန့်ခွဲမှုကော်မတီမှ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ၄-၅-၂၀၁၈ ရက်နေ့တွင် တင်ပြ ထားရှိမှုအပေါ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိစစ်ဆောင်ရွက်လျက်ရှိပါတယ်။ ထို့ပြင် ခါမ်းပါတ်မြို့၊ ကနန်ကျေးရွာအုပ်စု၊ ကနန်ကျေးရွာတွင် လူဦးရေတိုးတက်များပြားလာမှုကြောင့် မူလ ရွာမြေနှင့်ထိစပ်လျက်ရှိတဲ့ မြေလွတ်၊ မြေရိုင်းများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ နေထိုင်နေတဲ့ အိမ်ခြေ ၁၂၁ အိမ်၊ လူဦးရေ ၆၂၄ ဦး၊ မြေဧရိယာ ၁၇.၇၂ ဧကအား ကျေးရွာနယ်နိမိတ် တိုးချဲ့ပြင်ဆင် သတ်မှတ်နိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ နိုင်ငံတော်သမ္မတရုံးသို့ ၁၃-၃-၂၀၁၇ ရက်နေ့တွင် တင်ပြထားရှိပါတယ်။ ထို့ပြင် ကျွန်းတောရေရှင်ကျေးရွာအုပ်စု၊ ကျွန်းတောရေရှင် ကျေးရွာတွင် လူဦးရေတိုးတက်များပြားလာမှုကြောင့် နေအိမ်များတိုးချဲ့ဆောက်လုပ်နိုင်ရန် ကျေးရွာ တွင်းရှိ မြေလွတ်၊ မြေလပ်ဧရိယာ ၃၄.၀၇ ဧကအား တိုးချဲ့ရွာမြေအဖြစ် ဖွဲ့စည်းခွင့်ပြုနိုင်ပါရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ နိုင်ငံတော်သမ္မတရုံးသို့ ၁၅-၆-၂၀၁၈ ရက်နေ့တွင် တင်ပြထားရှိ ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ သိရှိရပါတယ်။

သို့ဖြစ်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမြို့နယ်၊ မြို့သစ်မြို့နှင့် ခါမ်းပါတ်မြို့အတွင်းရှိ မြေယာမဲ့ပြည်သူများအတွက် မြေနေရာအသစ်များ ခွင့်ပြုချထားပေးနိုင်ရေး၊ အကြောင်းအမျိုးမျိုး ကြောင့် ကျူးကျော်နေထိုင်သူများကို စနစ်တကျ ချထားပေးနိုင်ရေးနှင့် လက်ရှိမြေပြင်တွင် မူလရွာမြေ ဧရိယာကို ကျော်လွန်အသုံးပြုထားရှိတဲ့ မြေဧရိယာများကိုလည်း ကျေးရွာနယ်နိမိတ် တိုးချဲ့ပြင်ဆင် ဖွဲ့စည်းနိုင်ရေးတို့အတွက် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်ရှိ နေအိမ်များအတွက် မြေငှားဂရန်ထုတ်ပေးရေးနှင့်ပတ်သက်၍ ဂရန်ပေးရေးစီမံချက်အတိုင်း ဆက်လက်ဆောင်ရွက်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁) ရပ်ကွက်ဟာ ၁၉၇၉ ခုနှစ်၊ မတ်လ ၆ ရက်နေ့မှာ မီးလောင်ကျွမ်းခံခဲ့ရပါတယ်။ ထိုစဉ်က နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခက ၎င်းရပ်ကွက်ကို သက်ဆိုင်ရာဌာနဆိုင်ရာများက မည်သည့်စီမံကိန်းမှ

ဆောင်ရွက်ရန်မရှိသဖြင့် ၎င်းရဲ့မဲဆန္ဒရှင်များကို ပြန်လည်နေရာချထားပေးဖို့ ညွှန်ကြားခဲ့ပါတယ်။ ဒီညွှန်ကြားချက်နဲ့အတူ မြို့နယ်ပြည်သူ့ကောင်စီ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့မှ လမ်းနယ်များစနစ်တကျရေးဆွဲဖော်ထုတ်ပြီးတော့ (၂၃ ပေ x ပေ ၄၀) အကျယ်ရှိ မြေကွက်များကို ပြန်လည်နေရာချထားပေးခဲ့ပါတယ်။ သို့သော် မြေဂရန်ပါမစ်ထုတ်ပေးရန် ကျန်ရှိနေပါသဖြင့် မြေဂရန်ထုတ်ပေးရေးနှင့်ပတ်သက်ပြီးတော့ ၂၄-၉-၂၀၁၃ ရက်နေ့မှာ လှိုင်မြို့နယ်အမှတ်(၁) တိုင်းဒေသကြီးကိုယ်စားလှယ်ကနေပြီးတော့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှာ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခဲ့ရာမှာ စည်ပင်သာယာရေးဝန်ကြီးမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမယ်လို့ ဖြေကြားခဲ့ပါတယ်။ လှိုင်မြို့နယ် အမှတ်(၁)ရပ်ကွက် ပြည်သူများအတွက် နှစ် ၆၀ ဂရန်ချထားပေးရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၃/၂၀၁၄)သို့တင်ပြခဲ့ရာမှာ ၃-၄-၂၀၁၄ ရက်နေ့မှာ ဆုံးဖြတ်ချက်အပိုဒ် ၂၇ အရမူအားဖြင့် သဘောတူခဲ့ပါတယ်။ အဆိုပါမြေကွက်ပေါ်နေထိုင်သူများမှ မြေဂရန်ရရှိရေးလျှောက်ထားလာမှုအပေါ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၀/၂၀၁၅) ဆုံးဖြတ်ချက်အပိုဒ် ၈ အရ ရန်ကုန်တိုင်းဒေသကြီး၊ စည်ပင်သာယာရေးကော်မတီမှ မြေဂရန်ရရှိရေး ဆက်လက်ဆောင်ရွက်ခဲ့ပါတယ်။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရည်ညွှန်း(၁)ပါစာဖြင့် လွှဲပြောင်းပေးအပ်တဲ့ မြေတိုင်းမြေကွက်အမှတ်(၁၃/ကမာရွတ်)အမည်နဲ့ မြေကွက် ၂၀ ကွက်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအမည်ပေါက် မြေကွက် ၁၇ ကွက် စုစုပေါင်းမြေကွက် ၃၈ ကွက်အတွင်းမှာ နေထိုင်လျက်ရှိတဲ့ အိမ်ထောင်စု ၁၃၀၀ ခန့်ကို နှစ် ၆၀ မြေဂရန်ချထားပေးရေး၊ Block Map ရေးဆွဲရေး၊ မြေပေါ်နေထိုင်ပိုင်ဆိုင်သူများရဲ့စာရင်းကို အတည်ပြုခြင်း၊ ဂရန်ပေးရေးစီမံချက်အဖွဲ့ကို အတည်ပြုခြင်းတွေကို ဆက်လက်ဆောင်ရွက်ဖို့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကနေပြီးတော့ ၂၉-၁၀-၂၀၁၇ ရက်နေ့မှာတင်ပြခဲ့ရာမှာ ၃၀-၁၁-၂၀၁၇ ရက်နေ့မှာကျင်းပတဲ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄၂/၂၀၁၇)ဆုံးဖြတ်ချက်အပိုဒ် ၃၂ အရ တိုင်းဒေသကြီး လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုမှ ပြန်လည်စိစစ်ရေးကော်မတီက စစ်ဆေးပြီးမှသာ ဆက်လက်ဆောင်ရွက်ရန်ဆိုပြီးတော့ အကြောင်းကြားခဲ့ပါတယ်။ အဲဒီမှာ ဂရန်ပေးရေးစီမံချက်အတိုင်း ဆောင်ရွက်မှုရပ်ဆိုင်းသွားခဲ့ပါတယ်။ အဲဒီတော့ ဒီမြေကွက်က လှိုင်မြို့နယ်အမှတ်(၁)ရပ်ကွက်ဟာ ၁၉၇၉ ခုနှစ်ကတည်းက စနစ်တကျနေရာချထားပေးခဲ့တာဖြစ်ပါတယ်။ မြေဂရန်ရရှိရေး လုပ်ထုံးလုပ်နည်းနဲ့အညီဆောင်ရွက်ဖို့လည်း စည်ပင်သာယာရေးဝန်ကြီးကနေပြီးတော့ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်မှာ ကတိပြုဖြေကြားခဲ့ပြီးဖြစ်ပါတယ်။ သိမ်းဆည်းခံမြေလည်း မဟုတ်ပါဘူး။ ဘာမှပတ်သက်ခြင်းမရှိတဲ့အတွက် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁) ရပ်ကွက်မှာရှိတဲ့ ပြည်သူများအတွက် နှစ် ၆၀ မြေဂရန်ထုတ်ပေးရေးနဲ့ပတ်သက်လို့ ဂရန်ပေးရေးစီမံချက်အတိုင်း ဆက်လက်ဆောင်ရွက်ခွင့်ပြုရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထဲရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

မူကြမ်း

**ဖြေကြားချက်**

**ဗိုလ်ချုပ်အောင်သူ(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထဲရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးမေးမြန်းတဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား ရှင်းလင်းတင်ပြခွင့်ပြုရန် တင်ပြအပ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်ရှိ နေအိမ်များဟာ ၆-၃-၁၉၇၉ ရက်နေ့မှာ မီးလောင်ကျွမ်းခဲ့ပါသည်။ ထိုသို့ မီးလောင်ကျွမ်းပြီးနောက် မူလနေထိုင်သူများအား ပြန်လည်နေရာချထားပေးရန်အတွက် လှိုင်မြို့နယ် ပြည်သူ့ကောင်စီ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနတို့မှ လမ်းနယ်များကို စနစ်တကျရေးဆွဲဖော်ထုတ်၍(၂၃ ပေ x ၄၀ ပေ)အကျယ်ရှိမြေကွက်များ ချထားဆောင်ရွက်ပေးခဲ့ပြီး ပြန်လည်နေရာချထားတဲ့အချိန်မှာ ကျူးလွန်ခြင်းပြေစာ သို့မဟုတ် နေထိုင်ရန်မြေချပါမစ် တစ်စုံတစ်ရာဖြင့် နေရာချထားပေးခြင်းမရှိကြောင်း သိရှိရပါတယ်။ လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်ရှိ နေထိုင်သူများအား မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် မီးလောင်ရာမှာ ပါဝင်တဲ့မြေများအား စိစစ်ခဲ့ရာမှာ လူပုဂ္ဂိုလ်အမည်ပေါက်လိုင်စင်(သက်တမ်းကုန်)မြေ/နှစ် ၆၀ ဂရန်မြေ/မြေလပ်မြေဧရိယာ ၆.၂၈၁ ဧက၊ အမည်ပေါက်-အစိုးရ၊ မြေအမျိုးအစား- အစိုးရမြေဧရိယာ ၁၅.၉၀၁ ဧက၊ နိုင်ငံခြားသားအမည်ပေါက် မြေဧရိယာ ၂.၅၈၉ ဧက၊ ဦးတိလောက အမည်ပေါက် အခွန်လွတ်သာသနာမြေဧရိယာ ၀.၉၈၇ ဧက စုစုပေါင်းဧရိယာ ၂၅.၇၅၈ ဧကဖြစ်ကြောင်း မြေရာဇဝင်များအရ တွေ့ရှိရပါတယ်။ အခွန်လွတ် သာသနာ့မြေနှင့်စပ်လျဉ်း၍ ထပ်မံစိစစ်ခဲ့ရာ လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဇေယျမင်္ဂလာလမ်းရှိ ဇေယျမင်္ဂလာကျောင်းတိုက် မြေတိုင်းရပ်ကွက် အမှတ်(၁၃)၊ မြေကွက်အမှတ်(၅၉/ဆ)၊ မြေဧရိယာ ၀.၉၈၇ ဧကအား ဦးတိလောကအမည်ဖြင့် ၁၉၉၄ ခုနှစ်က အခွန်လွတ်သာသနာမြေအဖြစ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ထုတ်ပေးခြင်းဖြစ်ကြောင်း သိရှိရပါတယ်။

လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်နေပြည်သူများအား နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)ချထားပေးနိုင်ရေးနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြခဲ့ရာ ၃-၄-၂၀၁၄ ရက်တွင် ကျင်းပပြုလုပ်တဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၁၃/၂၀၁၄)ဆုံးဖြတ်ချက် အပိုဒ် ၂၇ အရ မူအားဖြင့်သဘောတူကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ အကြောင်းကြားခဲ့ပါတယ်။ ထိုသို့အကြောင်းကြားမှုအရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ဂရန်ပေးရန်အတွက် ထုတ်ပေးခဲ့တဲ့ သတ်မှတ်ပုံစံများမှာ ငယ်စာရင်းအား တိကျမှန်ကန်စွာ ဖြည့်သွင်းပေးနိုင်ရေး လှိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဂရန်ရရှိရေးကော်မတီတို့မှ ပူးပေါင်းကောက်ခံရရှိတဲ့ ငယ်စာရင်း(၃)စုံအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လှိုင်မြို့နယ် အထွေထွေ

အုပ်ချုပ်ရေးဦးစီးဌာနမှ ပေးပို့ခဲ့ပါတယ်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ အမှတ်(၁)ရပ်ကွက် ဂရန်ပေးရေးစီမံချက် Block Map ရေးဆွဲခွင့်ပြုရေး၊ မြေပေါ်နေထိုင်ပိုင်ဆိုင်မှုစာရင်းများအား အတည်ပြုရေး၊ နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) ထုတ်ပေးနိုင်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဖွဲ့စည်းထားတဲ့ ဂရန်ပေးရေးစီမံချက်အဖွဲ့အား အတည်ပြုပေးရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြခဲ့ပါတယ်။ ယင်းသို့တင်ပြမှုအပေါ် ၃၀-၁၁-၂၀၁၇ ရက်တွင် ကျင်းပပြုလုပ်တဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၄၂/၂၀၁၇)၊ ဆုံးဖြတ်ချက်အပိုဒ် ၃၂ မှာ တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများအား ပြန်လည်စိစစ်ရေးကော်မတီမှ စစ်ဆေးပြီးမှ ဆက်လက်ဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ပြီး အဆိုပါဆုံးဖြတ်ချက်အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၇-၁၂-၂၀၁၇ ရက်စွဲပါစာဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ အကြောင်းကြားခဲ့ပါတယ်။ သို့သော် ၂၄-၅-၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်တဲ့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂၁/၂၀၁၈)၊ ဆုံးဖြတ်ချက်အပိုဒ် ၉၈ အရ ဦးသစ္စာ(ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန)ဥက္ကဋ္ဌအဖြစ်ဦးဆောင်တဲ့ အဖွဲ့ဝင်ခုနစ်ဦးဖြင့် မီးလောင်ပြင်မြေပြင်နေရာ ပြန်လည်စိစစ်ရေးကော်မတီကို ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်ရှိနေအိမ်များအတွက် မြေငှားဂရန်ထုတ်ပေးရေးနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းပေးခဲ့သော မီးလောင်ပြင်မြေနေရာ ပြန်လည်စိစစ်ရေးကော်မတီမှ မီးလောင်ပြင်မြေနေရာတွင်နေထိုင်သူများရဲ့ ပိုင်ဆိုင်မှုအတိုင်း နှစ် ၆၀ မြေငှားစာချုပ် (ဂရန်) ထုတ်ပေးနိုင်ရေးအတွက် စနစ်တကျစိစစ်၍ ဂရန်ပေးရေးစီမံချက်အတိုင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ် ပြီးပါပြီ။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု မြန်မာနိုင်ငံတွင်ဖြစ်ပေါ်နေသော ရေဘေးအန္တရာယ်ကျရောက်နေသော ပြည်သူများကိုကူညီရန် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ နေ့တွက်စရိတ်တစ်ရက်စာ စုစုပေါင်း ၈၅၈၀၀၀၀ ကျပ်ကိုပေးလှူရန် စီစဉ်လိုပါတယ်။ ထိုသို့ပေးလှူမှုကို ကိုယ်စားလှယ်များအနေဖြင့် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်များသဘောတူတဲ့အတွက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ နေ့တွက်စရိတ် တစ်ရက်စာ စုစုပေါင်း ၈၅၈၀၀၀၀ ကျပ်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ လက်ဆောင်ပေးခြင်းနှင့် အလှူဒါနခေါင်းစဉ်မှ လှူဒါန်းငွေ ကျပ် ၁၁၄၂၀၀၀၀၊ စုစုပေါင်းကျပ် သိန်း ၂၀၀ တိတိကို

ပြည်သူ့လွှတ်တော်မှ ရေဘေးအန္တရာယ်ကျရောက်နေသည့် ဒေသများရှိ ပြည်သူများအတွက် ပေးလှူမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဦးတင်ကိုကိုဦး(ခ)ဦးအတွက်၊ ဘီးလင်းမဲဆန္ဒနယ်က အစိုးရဌာနအဖွဲ့အစည်းများ၏ ဝန်ဆောင်မှုများကို ပြည်သူများ အမှန်တကယ်ရရှိခြင်းဖြင့် အစိုးရနှင့်ပြည်သူကြား အပြန်အလှန်ယုံကြည်မှုမြင့်တက်စေပြီး ဒီမိုကရေစီစနစ်ကို ပီပြင်စွာအကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်သောကြောင့် One Stop Shop ကို One Stop Service သို့ အဆင့်မြှင့်အကောင်အထည်ဖော်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန်သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)အတွက်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးတင်ကိုကိုဦး(ခ) အတွက်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးတင်ကိုကိုဦး(ဘီးလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြသော ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ ဘီးလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ကိုကိုဦး ဖြစ်ပါတယ်။ ဒီကနေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ စတုတ္ထနေ့မှာ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်နဲ့ အဆိုတစ်ရပ် တင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ ပြည်သူ့ဝန်ဆောင်မှုရုံး(OSS)တွေကို ၇-၇-၂၀၁၅ ရက်နေ့မှာစတင်ဖွင့်လှစ်ခဲ့တယ်လို့သိရှိရပါတယ်။ ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop)ရုံးတွေကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးတွေမှာ ဖွင့်လှစ်ထားပြီးတော့ ရည်ရွယ်ချက်လေးချက်နဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေတာဖြစ်ပါတယ်။ ရည်ရွယ်ချက်လေးချက်ကိုဖော်ပြနိုင်ရန်အတွက် ကျွန်တော့်ကို Power Point အသုံးပြုခွင့်ပေးပါခင်ဗျား။

ဒီရည်ရွယ်ချက်လေးချက်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးက ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop)ရဲ့တာဝန်ခံဖြစ်ပါတယ်။ ဒီတာဝန်ခံကို One Stop Shop ရုံးကနေ ပြည်သူကိုဝန်ဆောင်မှုပေးနိုင်ဖို့အတွက် ဘယ်လိုလုပ်ထုံးလုပ်နည်းတွေ၊ ဘယ်လိုလုပ်ပိုင်ခွင့်တွေပေးထားသလဲဆိုတဲ့အချက်က ဘယ်လိုဝန်ဆောင်မှုကို တိတိကျကျပေးနိုင်လားဆိုတာကို ဒီအတွက်ကိုအရေးကြီးတဲ့အချက်တစ်ချက်ဖြစ်ပါတယ်။ အစိုးရတစ်ရပ်ဟာ မူဝါဒရှိရုံနဲ့ အဆင်ပြေအောင် အောင်မြင်နေတာမဟုတ်ပါဘူး။ ဒီမူဝါဒကို ဝန်ကြီးဌာနတွေက ဘယ်လိုလမ်းညွှန်မှုတွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေလဲဆိုတာကို ဆန်းစစ်သုံးသပ်ဖို့လိုပါတယ်။ မှန်မှန်ကန်ကန် ဆန်းစစ်သုံးသပ်နိုင်မှသာလျှင် အားနည်းချက်၊ အားသာချက်တွေကို ဖော်ထုတ်နိုင်ပြီး အမှန်တကယ်ဝန်ဆောင်မှုပေးနိုင်မှာဖြစ်ပါတယ်။ ပြည်သူ့ဝန်ဆောင်မှုရုံး(One Stop Shop)ရုံးရဲ့ရည်ရွယ်ချက်များ

ကို ကောင်းစွာအကောင်အထည်ဖော်နိုင်ခြင်းရှိ/မရှိကို ၁၅-၂-၂၀၁၂ ခုနှစ်မှာ ပြည်သူ့လွှတ်တော်မှာလည်း မေးခွန်းမေးမြန်းခဲ့ပြီးဖြစ်ပါတယ်။ ရည်ရွယ်ချက်ကောင်းကို ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေပါသော်လည်း ထိုဝန်ဆောင်မှုကို ပြည်သူလူထုက အပြည့်အဝရရှိခံစားနိုင်ခြင်းမရှိတဲ့အတွက်ကြောင့် ဒီအဆိုကို တင်သွင်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမိုကရေစီစနစ်ကို ပီပြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့ဆိုရင် အမှန်တကယ်အရေးကြီးတာက အစိုးရနှင့်ပြည်သူကြားအပြန်အလှန်ယုံကြည်မှု၊ လေးစားမှု၊ နားလည်မှုပါ။ ပြည်သူတွေရဲ့ယုံကြည်မှုကို ရရှိဖို့ဆိုရင် အစိုးရဌာနအဖွဲ့အစည်းတွေက ပြည်သူကိုဘယ်လိုဝန်ဆောင်မှုတွေပေးနိုင်သလဲဆိုတဲ့အချက်ကလည်း အရေးကြီးတဲ့အချက်တစ်ချက်ဖြစ်ပါတယ်။ အစိုးရတစ်ရပ်ရဲ့ မူဝါဒ၊ လမ်းညွှန်ချက်တွေ၊ တိကျခိုင်မာဖို့လိုသလိုဝန်ထမ်းအဆင့်ဆင့်ဝန်ကြီးဌာနတွေရဲ့ စီမံခန့်ခွဲမှုကလည်း အရေးကြီးပါတယ်။ လက်ရှိအခြေအနေမှာတော့ ပြည်သူ့ဝန်ဆောင်မှုရုံးတွေရဲ့ ရည်ရွယ်ချက်ကိုကြည့်ပြီး ခုချိန်ထိအကောင်အထည်မဖော်နိုင်လို့ ဝန်ကြီးဌာနကို ပြည်သူတွေကစိတ်ပျက်နေကြပါတယ်။ အကောင်အထည်ဖော်ကြရတဲ့ဝန်ထမ်းတွေကိုယ်တိုင်ကလည်း ဝန်ထမ်းကမလုံလောက်၊ OSS ရုံးမှာလာထိုင်နေရလို့ ဌာနကအလုပ်တွေ လစ်ဟင်းတယ်ဆိုပြီးတော့ ကျွန်တော်တို့ကိုပြောလာတာတွေရှိပါတယ်။ အောင်မြင်အောင် ကြိုးစားဖို့လိုပါမယ်။ အောင်မြင်အောင်အကောင်အထည်မဖော်နိုင်ဘူးဆိုရင်လည်း ဘာလုပ်သင့်သလဲဆိုတာကို စဉ်းစားဆုံးဖြတ်ဖို့လိုပါမယ်။ ကျွန်တော်တို့လုပ်နိုင်သလောက်လုပ်ပြီး၊ ပြောပြီး ပြောနိုင်သလောက်လုပ်ဖို့လိုပါတယ်။ အစိုးရနှင့်ပြည်သူ ယုံကြည်မှုတည်ဆောက်တဲ့နေရာမှာ ပြည်သူကိုပေးတဲ့ သတင်းစကားတိကျဖို့လိုသလို အကောင်အထည်ဖော်ပေးနိုင်ဖို့လည်းလိုပါတယ်။ အကောင်အထည်မဖော်ပေးနိုင်ရင် ယုံကြည်မှုကို ထိခိုက်စေနိုင်ပါတယ်။ အရေးကြီးတာကတော့ ပြည်သူအနေနဲ့အစိုးရက ဘာတွေဆောင်ရွက်နေသလဲ၊ ဘယ်လိုဝန်ဆောင်မှုတွေပေးနေသလဲဆိုတာကိုသိအောင်လုပ်ပေးဖို့လိုပါတယ်။ ဒါမှလည်းပြည်သူက အစိုးရနှင့်အတူတူ ပူးပေါင်းဆောင်ရွက်နိုင်မှာဖြစ်လို့ ဝန်ဆောင်မှုတွေကို မှန်မှန်ကန်ကန်ရရှိခံစားနိုင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့ဝန်ဆောင်မှုရုံးဆိုတဲ့စာသားက အဆင်ပြေပါတယ်။ ဒါပေမဲ့ One Stop ဆိုတာကျတော့ နားလည်မှုလွဲနေကြပါတယ်။ ဒီနေရာမှာ ဘာလဲဆိုတော့ One Stop တစ်ခါတည်း၊ တစ်နေရာတည်းကနေ တစ်ခါတည်း၊ တစ်ထိုင်တည်းကနေ ဝန်ဆောင်မှုရယူတာသက်သက်မဟုတ်ဘဲနဲ့ ဒီတစ်နေရာတည်းကနေပြီးတော့ တစ်ခါတည်း ရချင်ရမယ်။ သို့မဟုတ်ရင် ပြန်လည်ချိန်းဆိုတဲ့နေ့ရက်မှာပဲ ဒီပြည်သူ့ဝန်ဆောင်မှုရုံးကို ပြန်လာပြီးတော့ ဝန်ဆောင်မှုကိုရယူတာကိုဆိုလိုခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ One Stop Shop ဆိုတာဝန်ကြီးဌာနက အဓိပ္ပာယ်ဖွင့်ဆိုထားတာရှိပါတယ်။ ဝန်ဆောင်မှုရုံးဖြစ်တဲ့အတွက် သက်ဆိုင်ရာဌာနတစ်ခုစီကနေပြီးတော့ ဝန်ထမ်းကိုယ်စားလှယ်တွေက ပြည်သူ့ဝန်ဆောင်မှုရုံးကိုစေလွှတ်ပြီးတော့ သက်ဆိုင်ရာဌာနရဲ့ အစိတ်အပိုင်းအဖြစ်နဲ့ ကိုယ်ပိုင်ကောင်တာတွေကို တစ်နေရာတည်းမှာထားရှိပြီး ဝန်ဆောင်မှုရယူသူတွေအတွက် အချိန်ကုန်သက်သာပြီး လွယ်ကူစွာရရှိစေဖို့အတွက် ဝန်ဆောင်မှုပေး

တဲ့လုပ်ငန်းလို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ဒီ့အတွက်ကြောင့် ဒီတစ်နေရာတည်းကလုပ်တာကတော့ ကျိန်းသေပါတယ်။ ဒါပေမဲ့ ဒီနေရာမှာအခက်အခဲရှိတာက သက်ဆိုင်ရာဌာန၏ အစိတ်အပိုင်းအဖြစ် ဆိုတဲ့ စကားလုံးအရ ကျွန်တော်တို့က ဒီ One Stop Shop ဆိုတဲ့စကားလုံးကပဲ ဝန်ဆောင်မှုကို ပြန်လည်ပြီးတော့ အားနည်းနေစေပါတယ်။ One Stop Service ကကျတော့ လုပ်ငန်းအကြောင်း အရာတစ်ခုကိုရည်ရွယ်ပြီးတော့ ဒီလုပ်ငန်းပြီးမြောက်စေရန် လိုအပ်မယ့်စာရွက်စာတမ်း၊ ထောက်ခံချက်တွေကို သက်ဆိုင်ရာဌာနများကို သွားရောက်ဆောင်ရွက်ရန်မလိုဘဲနဲ့ တစ်နေရာတည်းမှာ ပြီးမြောက်အောင် ဆောင်ရွက်ပေးတဲ့လုပ်ငန်းဖြစ်ပါတယ်။ ဒီနေရာမှာ တစ်နေရာတည်းဆိုတဲ့ စကားလုံး က နှစ်ခုစလုံးတူပါတယ်။ ဒီမှာက သက်ဆိုင်ရာဌာနများသို့ သွားရောက်ဆောင်ရွက်ရန်မလိုဘဲ ဆိုတဲ့အတွက်ကြောင့် ပိုပိုပြီးတော့ခိုင်မာတဲ့သဘောရှိပါတယ်။ ပြည်သူတွေက မိမိအတွက်လိုအပ်တဲ့ ဝန်ဆောင်မှုတစ်ခု(One Stop Service)ကို တစ်နေရာတည်းကရမယ်ဆိုရင် ဒီနေရာမှာ ဝန်ဆောင်မှု တစ်ခုအတွက် ထိုက်သင့်တဲ့အချိန်ကာလတစ်ခုကို သတ်မှတ်ထားမယ်ဆိုရင် ပိုပြီးသင့်လျော် ကောင်းမွန်မှာဖြစ်ပါတယ်။ စတင်ဆောင်ရွက်တဲ့နေ့ကနေစပြီးတော့ ဝန်ဆောင်မှုပြီးဆုံးနိုင်တဲ့နေ့ကိုပါ ပေးထားနိုင်ရင်တော့ ပြည်သူလိုအပ်ချက်ကို ပြည်သူကိုယ်တိုင်ကလည်း သူ့လိုအပ်ချက်ကို ဘယ်နေ့မှာတိတိကျကျရနိုင်မလဲ ဆိုတာကိုသိရှိခြင်းဖြင့် ပြည်သူက ဦးစီးဌာနတွေ၊ ရုံးတွေကိုရှာစရာ မလို၊ ခဏခဏသွားစရာမလို၊ လာဘ်ပေးလာဘ်ယူကိစ္စကို ပူစရာမလိုတဲ့အခြေအနေတွေ ပြည်သူနဲ့ အစိုးရကြားမှာ အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန်လေးစားမှုတွေကို ပိုမိုခိုင်မာစေမှာဖြစ်တဲ့ အတွက်ကြောင့် အစိုးရဌာနအဖွဲ့ အစည်းများ၏ ဝန်ဆောင်ပေးမှုများကို ပြည်သူများ အမှန်တကယ် ရရှိခြင်းဖြင့် အစိုးရနှင့်ပြည်သူများ အပြန်အလှန်ယုံကြည်မှုမြင့်တက်စေပြီး ဒီမိုကရေစီစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်သောကြောင့် One Stop Shop ကို One Stop Service သို့ အဆင့်မြှင့် အကောင်အထည်ဖော်ဆောင်ပေးနိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပြည်သူ့လွှတ်တော်ကြီးက လက်ခံဆွေးနွေးဆုံးဖြတ်ပေးနိုင်ပါရန် လေးစားစွာတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးတင်ကိုကိုဦး တင်သွင်းသွားတဲ့အဆိုကို ထောက်ခံမယ့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဒေါ်ပြုံး(အင်းတော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာပါရှင့်။ ကျွန်မကတော့ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး ဖြစ်ပါတယ်ရှင်။ ဘီးလင်းမြို့နယ်မှ ဦးတင်ကိုကိုဦး တင်သွင်းတဲ့အဆိုကို လွှတ်တော်မှ လက်ခံဆွေးနွေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop - OSS)ရုံးများကို ၂၀၁၅ ခုနှစ်မှာ မြန်မာနိုင်ငံအနှံ့စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ အဲဒီ ရုံးတွေမှာဆိုရင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး

ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်သစ်တောဦးစီးဌာနစတဲ့ ဌာနအားလုံးလိုလို OSS လုပ်ငန်းများ ပါဝင်ဆောင်ရွက်ကြတာဖြစ်ပါတယ်။ ရည်ရွယ်ချက်များအနေနဲ့ကလည်း အင်မတန်ပဲကောင်းမွန်ပါ တယ်။ ပြည်သူတွေရဲ့ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်တဲ့ ဝန်ဆောင်မှုများကိုပေးအပ် ရာမှာ ပိုမိုကောင်းမွန်လာစေရန် အရင်းအမြစ်များကို ပိုမိုထိရောက်စွာနှင့် စွမ်းရည်ပြည့်ဝစွာ အသုံး ပြုရန် လာဘ်ပေးလာဘ်ယူများကို ဟန့်တားရန်၊ ပြည်သူများ၏ ယုံကြည်မှုတိုးပွားလာစေရန်၊ အစိုးရဌာနများအကြား ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေရန်၊ လူမှုစီးပွားရေးတိုးတက်မှုကို မြှင့်တင်ရန်စသည်တို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ ဒီလိုရည်ရွယ်ချက်ကောင်းများနဲ့ ဖွင့်လှစ်ပါသော်လည်း တကယ့်လက်တွေ့ ကျင့်သုံးရာမှာတော့ အောင်မြင်မှုနည်းပါးနေတာကို တွေ့ရှိရပါတယ်။ မအောင်မြင်ရတဲ့အကြောင်း အရင်းတွေထဲမှာ ပြည်သူလူထုတွေရဲ့ ကိုယ်တိုင်ကလည်း ကိုယ့်ရဲ့လိုအပ်ချက်များကို OSS ရုံးများမှာ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရှိသူနည်းပါးခြင်းနဲ့ သက်ဆိုင်ရာဌာနများနဲ့သာ တိုက်ရိုက် ဆက်သွယ်ပြီး လွယ်ကူချောမွေ့အောင် လုပ်လိုပါကလည်း လုပ်နိုင်ပါတယ်ဆိုတဲ့ အသိတွေစွဲမြဲနေခြင်း တို့ဟာလည်း အကြောင်းရင်းတစ်ရပ်ဖြစ်ပါတယ်။ အဲဒီ့အပြင် ဝန်ထမ်းအင်အားမလုံလောက်တဲ့အတွက် OSS မှာလာရောက်တာဝန်ထမ်းဆောင်ဖို့ စိတ်အားထက်သန်မှုနည်းပါးနေတာတွေလည်း တွေ့ရှိရပါ တယ်။ ဥက္ကဋ္ဌကြီးရှင့်။ OSS ဆိုတာ တစ်နေရာထဲမှာ ဝန်ဆောင်မှုများကို ရတာဖြစ်ပြီး တစ်ထိုင်တည်း၊ တစ်ရပ်တည်းရရှိတာတော့ မဟုတ်ပါဘူး။ ကုန်စုံဆိုင်တစ်ဆိုင်မှာ အခြေခံစားကုန်၊ လူသုံးကုန်များကို ဝယ်လို့ရအောင် ခင်းကျင်းထားသလိုပဲ တစ်ခါတစ်ရံထုတ်ကုန်ပစ္စည်းများ ပြတ်လပ်နေသလို (OSS)မှာ လည်း အချို့ဌာနဆိုင်ရာများ မအားလပ်တာနဲ့ကြုံတွေ့နေရလို့ရှိရင် မလာနိုင်တဲ့အတွက် အဲဒီလိုအခါ မျိုးမှာ ပြန်လည်ချိန်းဆိုရပါတယ်။ ချိန်းဆိုတဲ့ရက်မှာ ပြန်လည်ပြီး OSS ရုံးကို ပြန်လည်ဆက်သွယ် လာတဲ့အခါမှာ OSS ရုံးပိတ်ထားတာတွေ ကြုံရတဲ့အတွက် စိတ်ပျက်မှုတွေ၊ ယုံကြည်မှုတွေ၊ မယုံကြည်မှုတွေတိုးပွားစေတာဖြစ်ပါတယ်။ ဒါကြောင့် OSS ရုံးကတော့ တကယ့်လက်တွေ့မှာတော့ သက်ဆိုင်ရာရုံးတွေကိုသာ ညွှန်းပို့နေတဲ့ဌာနတစ်ခုပဲဖြစ်နေပါတော့တယ်။ ဒါကြောင့် ပြည်သူတွေ အမြင်မှာတော့ ရုံးဖွင့်ရက်ဟာ တနင်္လာမှသောကြာ ရုံးချိန်အထိဆိုသော်လည်း နေ့စဉ်ဟာ ရုံးအမြဲတမ်း လိုလိုပိတ်ထားနေတာကိုပဲ ကြုံတွေ့နေရပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ အခုဆိုရင်တော့ ကျွန်မတို့လိုမြို့နယ်တွေမှာတော့ Mobile Team များနဲ့ Mobile OSS ရွေ့လျားပြည်သူ ပြည်သူ့ဝန်ဆောင်ရွက်မှုများကို ပြုလုပ်နေကြပြီဖြစ်ပါတယ်။ ဒီလို Mobile Team များနဲ့ ကျေးရွာအရောက်ဝန်ဆောင်မှုပေးခြင်းဟာလည်း လူထုအတွက်တော့ အဆင်ပြေပါတယ်။ ခရီးစရိတ်သက်သာ၊ အချိန်ကုန်သက်သာပြီး လူမှုစီးပွားရေးတိုးတက်စေအောင် တစ်ဖက်တစ်လမ်းမှလည်း အထောက်အကူပြုပါတယ်။ ဒါပေမဲ့ အခုလိုမိုးတွင်းကာလ လယ်ယာ လုပ်ငန်းခွင်အချိန်တွေနဲ့ ရာသီဥတုဆိုးဝါးတဲ့အချိန်တွေမှာတော့ Mobile Team တွေရပ်ထားရတဲ့ အတွက် OSS လုပ်ငန်းလည်း နှေးကွေးပြန်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။ ဒီ သက်ဆိုင်ရုံးများကိုသာ

လမ်းညွှန်အဖြစ်လောက်သာ ဝန်ဆောင်မှုပေးနိုင် နေတဲ့ One Stop Shop များကို One Stop Service အဖြစ် အဆင့်မြှင့်တင်ပေးပြီး ပြည်သူလူထုရဲ့ အခြေခံလိုအပ်ချက်များကို တစ်နေရာထဲမှာ တစ်ထိုင်တည်း၊ တစ်ရက်တည်း မရရှိရင်တောင် သေချာတိကျတဲ့ရက်ချိန်းများအတိုင်း ဝန်ဆောင်မှု ပေးမယ်ဆိုရင် အစိုးရဌာနများအပေါ် ပြည်သူလူထု ယုံကြည်မှုမြင့်တက်လာမှာ ဖြစ်ပါတယ်။ ဒါဟာ ဒီမိုကရေစီကို အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ အထောက်အကူများစွာ ဖြစ်ထွန်းစေပါတယ်။ အဂတိလိုက်စားမှုလျှော့ချရေးအတွက်ကိုလည်း ပြည်သူရော၊ ဝန်ထမ်းရောပါဝင်ဆောင်ရွက်ပြီးသား ဖြစ်စေပါတယ်။ ဒါကြောင့် ပြည်သူလူထုအတွက် လိုအပ်တဲ့ဝန်ဆောင်မှုများကို အချိန်ကုန်၊ ငွေကုန်သက်သာစွာရရှိစေတဲ့အတွက် လူမှုစီးပွားတိုးတက် ရေးကိုလည်း အထောက်အကူပြုပါတယ်။ သို့ဖြစ်ပါ၍ အောင်မြင်မှုနည်းပါးနေတဲ့ One Stop Shop OSS များကို အဆင့်မြှင့်တင်ပြီး ပိုမိုထိရောက်သော တာဝန်ယူမှု၊ တာဝန်ခံမှုပြည့်ဝသော ပြည်သူလူထု ကျေနပ်စေသော ဝန်ဆောင်မှုများကိုပေးနိုင်တဲ့ One Stop Srevice အဖြစ် ပြောင်းလဲဝန်ဆောင်မှု ပေးသင့်ပါကြောင်း နှင့် ဘီးလင်းမြို့နယ်မှ ဦးတင်ကိုကိုဦး၏အဆိုသည် လွှတ်တော်မှာလက်ခံပြီး ဝေဖန်သုံးသပ်ဆွေးနွေး သင့်သည့်အဆိုတစ်ခုဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင့်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၃ အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ ဆန္ဒရယူပါ့မယ်။ ဦးတင်ကိုကိုဦး(ခ)ဦးအတွက် တင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ ]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးတင်ကိုကိုဦး(ခ)ဦးအတွက်၊ ဘီးလင်းမဲဆန္ဒနယ်က တင်သွင်းသော အစိုးရဌာနအဖွဲ့အစည်းများ၏ ဝန်ဆောင်ပေးမှုများကို ပြည်သူများအမှန်တကယ်ရရှိခြင်းဖြင့် အစိုးရနဲ့ပြည်သူကြား အပြန်အလှန် ယုံကြည်မှုမြင့်တက်စေပြီး ဒီမိုကရေစီစနစ်ကိုပီပြင်စွာ အကောင်အထည်ဖော်ရာတွင် အထောက်အကူ ပြုနိုင်သောကြောင့် One Stop Shop ကို One Stop Service သို့ အဆင့်မြှင့်အကောင်အထည်ဖော် ဆောင်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးတင်ကိုကိုဦး၊ ဘီးလင်းမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ် ၅ အရ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်

၃-၈-၂၀၁၈ ရက်(သောကြာနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တင်သွင်းထားသည့် ပြင်ဆင်ချက်အဆိုအား ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ ၂၅-၅-၂၀၁၈ ရက်(သောကြာနေ့)တွင် လွှတ်တော်သို့လက်ခံရရှိကြောင်းအသိပေးခြင်းနှင့် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုသည့်အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များတို့ကို တိကျစွာရေးသားဖော်ပြ၍ ၂၉-၅-၂၀၁၈ ရက်နေ့နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်တောင်းခံခဲ့ရာ လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးက အမည်စာရင်းတင်သွင်းလာပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၊ နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနမှတာဝန်ရှိပုဂ္ဂိုလ်များက ပြန်လည်စိစစ်ခဲ့ကြပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်းရဲ့ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ ယခုပြင်ဆင်ချက်အဆိုတင်သွင်းသွားတဲ့ဥပဒေကြမ်းကော်မတီက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက်ဆွေးနွေးခြင်းပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒ၊ သဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုခြင်း၊ အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် သဘောတူသင့်တဲ့အချက်များကို အတည်ပြုခြင်းများဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်(၅၆)ချက်ကို ဥပဒေကြမ်းကော်မတီကတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သာကေတမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဝေဖြိုးအောင် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့အဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီရဲ့တာဝန်ပေးချက်အရ မြန်မာ

နိုင်ငံခရီးသွားလုပ်ငန်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၀ အရ လွှတ်တော်မှအတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်ထောင်စုအစိုးရမှပေးပို့သော မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၃-၁-၂၀၁၈ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၂၁-၂-၂၀၁၈ ရက်နေ့တွင် ကျင်းပသည့် အမျိုးသားလွှတ်တော်အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့်အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာပါတယ်။

၂။ ယင်းဥပဒေကြမ်းကို ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ ဖြစ်သည့် ၂၅-၅-၂၀၁၈ ရက်(သောကြာနေ့)တွင် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏လေ့လာတွေ့ရှိချက်အစီရင်ခံစာကို လွှတ်တော်သို့တင်ပြခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်ချက်အဆိုများကို ၂၉-၅-၂၀၁၈ ရက်(အင်္ဂါနေ့)နောက်ဆုံးထား၍ တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဦးဘိုဘိုဦး(စမ်းချောင်းမဲဆန္ဒနယ်)၊ ဦးဖြိုးဇေယျာသော်(ဇမ္ဗူသီရိမဲဆန္ဒနယ်)၊ ဒေါ်ပြုံးကေသီနိုင်(ကလောမဲဆန္ဒနယ်)၊ ဦးလွင်ကိုလတ် (သန်လျင်မဲဆန္ဒနယ်)၊ ဒေါ်ဇင်မာအောင်(ရန်ကင်းမဲဆန္ဒနယ်)၊ ဒေါ်ဝင့်ဝါထွန်း(ရှားတောမဲဆန္ဒနယ်)တို့က ဆွေးနွေးရန်နှင့် ပြင်ဆင်ချက်အဆိုများ တင်သွင်းလာပါတယ်။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် ပြင်ဆင်ချက်အဆိုတင်သွင်းသူ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေးဆိုင်ရာကော်မတီ၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ၁၈-၆-၂၀၁၈ ရက်(တနင်္လာနေ့)၊ ၃၀-၇-၂၀၁၈ ရက်(တနင်္လာနေ့)နှင့် ၃၁-၇-၂၀၁၈(အင်္ဂါနေ့)တို့တွင် ညှိနှိုင်းအစည်းအဝေးများကျင်းပပြုလုပ်ခဲ့ပါတယ်။

၄။ ယင်းညှိနှိုင်းအစည်းအဝေးများ၏ သဘောတူဆုံးဖြတ်ချက်များအရ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီသည် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုခဲ့သည့်အချက်များအနက် အချက်(၅၆)ချက်ကို အမျိုးသားလွှတ်တော်၏အတည်ပြုချက်များအတိုင်း သဘောတူလက်ခံခဲ့ပါတယ်။ တင်ပြချက်ဇယားကို လွှတ်တော်ကိုယ်စားလှယ်ကြီးများထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက သဘောတူညီသည့် အမျိုးသားလွှတ်တော်၏ အတည်ပြုချက်(၅၆)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

[အမျိုးသားလွှတ်တော်၏ အတည်ပြုချက်(၅၆)ချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (က) | ၁ မှ ၈ | ၂၊ ၄၊ ၇၊ ၉၊ ၁၁၊ ၁၄၊ ၁၆၊ ၁၈၊ ၁၉ | အခန်း(၁) ခေါင်းစဉ်၊ အပိုဒ် ၂၊ အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ (င)(စ)(ဆ)(ဇ)နှင့်(ဈ)၊ အပိုဒ်ခွဲ(ည)နှင့်(ဋ) |
| (ခ) | ၈ မှ ၁၀ | ၂၁၊ ၂၂၊ ၂၄၊ | အခန်း(၂) ခေါင်းစဉ်၊ အပိုဒ် ၃ အပိုဒ်ခွဲ(က)နှင့် (ခ)၊ အပိုဒ်ခွဲ(ဃ)(င)နှင့်(စ) |
| (ဂ) | ၁၀ မှ ၁၅ | ၂၇၊ ၂၈၊ ၃၁၊ ၃၄၊ ၃၅၊ ၃၆၊ ၃၉၊ ၄၁ | အခန်း(၃) ခေါင်းစဉ်၊ အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၁)နှင့်(၂)၊ အပိုဒ်ခွဲငယ်(၆)၊ အပိုဒ်ခွဲငယ်(၉)နှင့်(၁၀)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၅ ခြေဆင်း၊ အပိုဒ် ၅ အပိုဒ်ခွဲ(ဂ)နှင့် (ဃ)၊ အပိုဒ်ခွဲ (စ)နှင့်(ဆ) |
| (ဃ) | ၁၅ မှ ၁၉ | ၄၂၊ ၄၃၊ ၄၅၊ ၄၆၊ ၄၈၊ ၅၁ | အခန်း(၄) ခေါင်းစဉ်၊ အပိုဒ် ၆ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၇ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ်ခွဲ(ဃ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ်ခွဲ(ဆ)နှင့်(ဇ) |
| (င) | ၁၉ မှ ၂၀ | ၅၃၊ ၅၄ | အခန်း(၅) ခေါင်းစဉ်၊ အပိုဒ် ၈ အပိုဒ်ခွဲ(က)(ခ)နှင့်(ဂ) |
| (စ) | ၂၀ မှ ၂၂ | ၅၆၊ ၅၇၊ ၆၀၊ ၆၂၊ ၆၅ | အခန်း(၆) ခေါင်းစဉ်၊ အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃)၊ အပိုဒ်ခွဲငယ်(၅)၊ အပိုဒ်ခွဲ(ဂ) |
| (ဆ) | ၂၂ မှ ၂၅ | ၆၆၊ ၆၇၊ ၆၉ | အခန်း(၇) ခေါင်းစဉ်၊ အပိုဒ် ၁၀ အပိုဒ်ခွဲ(က)(ခ)(ဂ)(ဃ)(င)(စ)(ဆ)နှင့်(ဇ)၊ အပိုဒ်ခွဲ(ည)(ဋ)နှင့်(ဌ) |
| (ဇ) | ၂၆ မှ ၂၇ | ၇၁၊ ၇၃ | အခန်း(၈) ခေါင်းစဉ်၊ အပိုဒ် ၁၁ အပိုဒ်ခွဲ(ခ)(ဂ)(ဃ)(င)(စ)(ဆ)(ဇ)နှင့်(ဈ) |
| (ဈ) | ၂၇ မှ ၂၈ | ၇၄ | အဆိုပြုပြင်ဆင်ချက် အခန်း(၈) ကို ပယ်ဖျက်ခြင်း |
| (ည) | ၃၀ | ၇၇ | အပိုဒ် ၁၂ |
| (ဋ) | ၃၀ မှ ၃၂ | ၇၉၊ ၈၂၊ ၈၄ | အပိုဒ် ၁၃ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၄ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ဂ)(ဃ)(င)(စ)နှင့်(ဆ) |

မူကြမ်း

| | | | |
|---|---|---|---|
| (ဌ) | ၃၂ မှ ၃၃ | ၈၆ | အပိုဒ် ၁၅ |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (ဍ) | ၃၄ မှ ၃၇ | ၉၀၊ ၉၂၊ ၉၃၊ ၉၅၊ ၉၇၊ ၉၈ | အပိုဒ် ၁၈ အပိုဒ်ခွဲ(က)(ခ)နှင့်(ဂ)၊ အပိုဒ်ခွဲ(ဃ)နှင့်(င)၊ အပိုဒ် ၁၉ ခြေဆင်း၊ အပိုဒ် ၁၉ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၂၀ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ် ၂၁ |
| (ဎ) | ၃၈ မှ ၄၁ | ၁၀၅၊ ၁၀၆၊ ၁၁၁၊ ၁၁၃ | အပိုဒ် ၂၆ အပိုဒ်ခွဲ(က)(ခ)(ဂ)နှင့်(ဃ)၊ အပိုဒ် ၂၇၊ အပိုဒ် ၃၁ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အဆိုပြုပြဋ္ဌာန်းချက် အပိုဒ် ၃၄ ကိုပယ်ဖျက်ခြင်း |
| (ဏ) | ၄၃ မှ ၄၄ | ၁၂၄၊ ၁၂၆ | အပိုဒ် ၃၉ အပိုဒ်ခွဲ(က)နှင့်(ခ)၊ အပိုဒ် ၄၀ |

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်းများနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် (၅၆) ချက်ကို ဥပဒေကြမ်းကော်မတီက သဘောတူထားပါတယ်။ ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့(၅၆)ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းနဲ့စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအနက် ဥပဒေကြမ်းကော်မတီက သဘောတူထားတဲ့ (၅၆)ချက်ကို အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက်(၇၀)ချက်ကို တင်သွင်းဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာဝေဖြိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ညှိနှိုင်းအစည်းအဝေး၏ သဘောတူညီချက်များအရ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များအတိုင်း သဘောမတူဘဲ

ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်မှာ (၇၀)ချက်ဖြစ်ပါတယ်။ ပြင်ဆင်ရန်တင်ပြချက်ဇယားကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးလည်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၇၀)ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

[ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ရန်တင်ပြချက်(၇၀)ချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

| **စဉ်** | **စာမျက်နှာ** | **အမှတ်စဉ်** | **အပိုဒ်နှင့်အပိုဒ်ခွဲ** |
|---|---|---|---|
| (က) | ၁ မှ ၈ | ၁၊ ၃၊ ၅၊ ၆၊ ၈၊ ၁၀၊ ၁၂၊ ၁၃၊ ၁၅၊ ၁၇၊ ၂၀ | ဥပဒေခေါင်းစီး၊ အပိုဒ် ၁၊ အပိုဒ် ၂ အပိုဒ်ခွဲ(က)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(ဃ)၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၂ အပိုဒ်ခွဲ(ည)ကို ပယ်ဖျက်ခြင်း၊ အပိုဒ်ခွဲ(ဌ)၊ အပိုဒ်ခွဲ(ဍ)၊ အပိုဒ်ခွဲ(ဏ)၊ အပိုဒ်(ဓ)၊ အပိုဒ်ခွဲ(ပ) |
| (ခ) | ၉ မှ ၁၀ | ၂၃၊ ၂၅၊ ၂၆ | အပိုဒ် ၃ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ(ဆ)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၃ အပိုဒ်ခွဲ(ဈ) |
| (ဂ) | ၁၁ မှ ၁၄ | ၃၉၊ ၃၀၊ ၃၂၊ ၃၃၊ ၃၇၊ ၃၈၊ ၄၀ | အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၃)၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၄) နှင့် (၅)၊ အပိုဒ်ခွဲငယ်(၇)၊ အပိုဒ်ခွဲငယ်(၈)၊ အပိုဒ် ၅ အပိုဒ်ခွဲ(က) ၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲ(င) |
| (ဃ) | ၁၆ မှ ၁၉ | ၄၄၊ ၄၇၊ ၄၉၊ ၅၀၊ ၅၂ | အပိုဒ် ၆ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၇ အပိုဒ်ခွဲ(ဂ)၊ အပိုဒ်ခွဲ (င)၊ အပိုဒ်ခွဲ(စ)၊ အပိုဒ်ခွဲ(ဈ) |
| (င) | ၂၀ မှ ၂၂ | ၅၅၊ ၅၈၊ ၅၉၊ ၆၁၊ ၆၃၊ ၆၄ | အပိုဒ် ၈ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၉ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ် (၁)၊ အပိုဒ်ခွဲငယ်(၂)၊ အပိုဒ်ခွဲငယ်(၄)၊ အပိုဒ်ခွဲငယ်(၆)၊ အပိုဒ်ခွဲ(ခ) |
| (စ) | ၂၅ မှ ၂၆ | ၆၈၊ ၇၀၊ ၇၂ | အပိုဒ် ၁၀ အပိုဒ်ခွဲ(ဈ)၊ အပိုဒ်ခွဲ(ဍ)၊ အပိုဒ် ၁၁ အပိုဒ်ခွဲ (က) |
| (ဆ) | ၁၉ မှ ၃၁ | ၇၅၊ ၇၆၊ ၇၇၊ ၈၀၊ ၈၁၊ ၈၃ | အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အခန်း (၉) ကိုပယ်ဖျက်ခြင်း၊ အခန်း(၉) ခေါင်းစဉ်၊ အခန်း(၁၀) ခေါင်းစဉ်၊ အပိုဒ် ၁၃ အပိုဒ်ခွဲ(ခ)၊ အပိုဒ် ၁၄ ခြေဆင်း၊ အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၄ အပိုဒ်ခွဲ(ခ) |
| (ဇ) | ၃၂ မှ ၃၃ | ၈၅၊ ၈၇၊ ၈၈ | အခန်း(၁၁) ခေါင်းစဉ်၊ အပိုဒ် ၁၆၊ ၁၇ |

| | | | |
|---|---|---|---|
| (ဈ) | ၃၄ မှ ၃၇ | ၈၉၊ ၉၁၊ ၉၄၊ ၉၆၊ ၉၉၊ ၁၀၀၊ ၁၀၁၊ ၁၀၂ | အခန်း (၁၂) ခေါင်းစဉ်၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၁၉ အပိုဒ်ခွဲ(ဃ) ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၁၉ အပိုဒ်ခွဲ(က)၊ အပိုဒ် ၂၀ ခြေဆင်း၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄၊ အပိုဒ် ၂၅ |

| စဉ် | စာမျက်နှာ | အမှတ်စဉ် | အပိုဒ်နှင့်အပိုဒ်ခွဲ |
|---|---|---|---|
| (ည) | ၃၈ မှ ၃၉ | ၁၀၂၊ ၁၀၄၊ ၁၀၇၊ ၁၀၈ | အခန်း(၁၃) ခေါင်းစဉ်၊ အပိုဒ် ၂၆၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉ |
| (ဋ) | ၃၉ မှ ၄၀ | ၁၀၉၊ ၁၁၀၊ ၁၁၂ | အခန်း(၁၄) ခေါင်းစဉ်၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁ အပိုဒ်ခွဲ (ဂ) |
| (ဌ) | ၄၁ မှ ၄၃ | ၁၁၄၊ ၁၁၅၊ ၁၁၆၊ ၁၁၇၊ ၁၁၈၊ ၁၁၉၊ ၁၂၀ | အခန်း(၁၅) ခေါင်းစဉ်၊ အပိုဒ် ၃၂၊ အမျိုးသားလွှတ်တော်၏ အတည်ပြုချက် အပိုဒ် ၃၄ ကိုပယ်ဖျက်ခြင်း၊ အပိုဒ် ၃၃၊ အပိုဒ် ၃၄၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆ |
| (ဍ) | ၄၃ မှ ၄၄ | ၁၂၁၊ ၁၂၂၊ ၁၂၃၊ ၁၂၅ | အခန်း(၁၆)ခေါင်းစဉ်၊ အပိုဒ် ၃၇၊ အပိုဒ် ၃၈၊ အပိုဒ် ၃၉ အပိုဒ်ခွဲ(ဂ)နှင့်(ဃ) |

**ဥက္ကဋ္ဌ။** ။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနရဲ့သဘောထားပြောပါ။

**ဦးအုန်းမောင်(ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာခြင်းတို့နဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး၊ ဦးအုန်းမောင် ဖြစ်ပါတယ်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနဟာ မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းကို ရေးဆွဲနိုင်ရေးအတွက် သက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများ၊ ဥပဒေလေ့လာသူများအား ဖိတ်ခေါ်၍ ညှိနှိုင်းအစည်းအဝေးများကို ကျင်းပပြုလုပ်ခဲ့ကာ သဘောထားမှတ်ချက်များ၊ ပြည်ထောင်စုရှေ့နေချုပ်၏အကြံပြုချက်များနှင့်အညီ ရေးဆွဲပြုစုခဲ့ပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးစိစစ်ပြင်ဆင်၍ ၂၁-၂-၂၀၁၈ ရက်နေ့ အမျိုးသားလွှတ်တော်မှ အတည်ပြုပြီးဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှ အတည်ပြုပြီးဖြစ်သော ဥပဒေကြမ်းအပေါ် အကြံပြုပြင်ဆင်

ရေးဆွဲပေးခဲ့တဲ့ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက ဆွေးနွေးပြင်ဆင်ရေးဆွဲထားတဲ့ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဥပဒေကြမ်းကိုလည်း ဝန်ကြီးဌာနအနေဖြင့် သဘောတူညီပါကြောင်း ပြည်သူ့လွှတ်တော်မှတစ်ဆင့် အတည်ပြုပေးနိုင်ပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် ပြင်ဆင်ချက်(၇၀)ချက်အား အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်(၇၀)ချက်သည် ဥပဒေကြမ်းကော်မတီ၏ပြင်ဆင်ချက်များအတိုင်း ဤဥပဒေကြမ်း၏အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို မူလအဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်းအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်းပြီး ပြင်ဆင်ချက်အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ပေးပို့လာတဲ့ မြန်မာနိုင်ငံခရီးသွားလာရေးလုပ်ငန်းဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်းအတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ပဉ္စမနေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၃ ရက်(သောကြာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၁၁း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး စတုတ္ထနေ့ (၂.၈.၂၀၁၈) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ




U Aung Hla Tun　　U Oo Hla Saw




Maj Genl Aung Thu　　U Sai Ngaung Seng Hein




Maj Genl Aung Thu　　U Sai Phoe Myat




Maj Genl Aung Thu　　Daw Ni Ni May Myint




Maj Genl Aung Thu　　U Naing Naing Win




Maj Genl Aung Thu　　U Aung Kyaw Kyaw Oo

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ
ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ
ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်